ဘန့်ပြင်ကျေးရွာအုပ်စု၊ ဘန့်ပြင်ကျေးရွာ

သရက်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၁၈-၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဘန့်ပြင်ကျေးရွာ၊ သရက်မြို့နယ်

(သရက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၈ခုနှစ်   အောက်တိုဘာလ        ရက်

# မာတိကာ


မာတိကာ ၂

စကားချီး ၇

ဘန့်ပြင်ကျေးရွာ၊ ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ သရက်မြို့နယ် ၁၀

ဘန့်ပြင်ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်ပြပုံ ၁၁

ဘန့်ပြင်ကျေးရွာ၏ ကျေးရွာတွင်း အဖွဲ့အစည်းများချိတ်ဆက်မှုပြပုံ ၁၂

အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းစဉ် ၁၃

၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

၂။ ဘန့်ပြင်ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ ၁၆

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၇

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

၄။ သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ ၁၇

(၄.၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်များ

(၄.၂) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

၅။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၁၈

(၅.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

၆။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၁၉

(၆.၁) ဥစ္စာဓနအဆင့် အခြေအနေ

(၆.၂) သီးနှံထုတ်လုပ်ရေး

(က) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

(ခ) အဓိကစိုက်ပျိုးသီးနှံများနှင့် အထွက်နှုန်း

(၆.၃) မွေးမြူရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

(၆.၄) မွေးမြူရေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းကဏ္ဍ

၇။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၂၁

(၇.၁) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ

(၇.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

(၇.၃) သယ်ယူပို့ဆောင်ရေးနှင့် ဝန်ဆောင်မှုများ

(၇.၄) မီးရရှိမှု အခြေအနေ

(၇.၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ အခြေအနေ

၈။ ပညာရေး ၂၃

(၈.၁) ကျောင်းတက်နှုန်း

(၈.၂) စာသင်ကျောင်းဆောင် အခြေအနေ

၉။ ကျန်းမာရေး ၂၄

(၉.၁) အဖြစ်များသော ရောဂါများ

(၉.၂) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု

(၉.၃) ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ ဆေးပေးခန်းများ)

(၉.၄) ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

(၉.၅) ယင်လုံအိမ်သာ သုံးစွဲမှု အခြေအနေ

၁၀။ ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ ၂၆

၁၁။ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ၂၆

ထိန်းသိမ်းမှုအခြေအနေ

၁၂။ ကျား-မရေးရာ ၂၆

၁၃။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော ၂၇

အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အပံ့ဖြစ်စေသော

အခြေအနေကောင်းများ

(ခ) ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ

၁၄။ ရည်ရွယ်ချက် ပန်းတိုင်နှင့် ဗျူဟာ ၂၈

(က) ရည်ရွယ်ချက်ပန်းတိုင်

(ခ) ဖွံ့ဖြိုးရေးဗျူဟာ

၁၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် ၂၉

မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

၁၆။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်မည့်ကာလ ၂၉

(က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း

ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional classification)

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)

(ဂ) ဦးစားပေးစီမံချက်များ

(ခ) အကောင်အထည်ဖော်မည့်အချိန်ကာလ

၁၇။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ် ၃၇

**စီမံချက်ဘတ်ဂျက်**

၁၈။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ ၃၉

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

၁၉။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၄၁

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ပွဲ

(ဂ) နည်းပညာဆိုင်ရာအကူအညီ

**ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ** ၄၅

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၅) ဥစ္စာခနေအဆင့် အခြေအနေ
ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု
ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ
ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ
ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်)
အကွက်အောက် ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။
ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား (၁၆) ကျောင်းတက်နှုန်း
ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား (၁၈) အဖြစ်များသော ရောဂါများ
ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု
ဇယား (၂၂) အိမ်သာ အမျိုးအစား
ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ
ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ
ဇယား (၂၅) ကျား – မ ရေးရာ
ကိုးကားစာရင်း ၆၈
**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်** ၆၉
စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈-ခုနှစ် (၆)လဘတ်ဂျက် (မေလမှ စက်တင်ဘာလအထိ) ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ ဘော်ကျေးရွာ၏ ကျေးရွာသူ၊ကျေးရွာသားများပါဝင် ရေးဆွဲသည့် ပထမဦးဆုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက် ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက် တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူ များနှင့် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများကို လည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင် ကာလများက အစီအစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများမှ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့ သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက် တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင် ထပ်မံ

လိုအပ်သော ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိနားလည်ခဲ့ပါ သည်။

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့်အချက်အလက် များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်း စဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေသည့် အချိန်တွင်လည်း လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့်အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလ အပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန် လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖများ၊ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သရက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၏ အကြံပြုချက် များ၊ မကွေးတိုင်းအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက် ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်

သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံချက်တွင် အပိုင်းနှစ်ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ ရရှိမှုလမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်း အချက်အလက် အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက်အလက် များ ပါဝင်ပါသည်။

အောက်တိုဘာလ၊ ၂၀၁၈-ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဘန့်ပြင်ကျေးရွာ


သရက်မြို့နယ်

## မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်၊ ဘန့်ပြင်ကျေးရွာအုပ်စု၊ ဘန့်ပြင်ကျေးရွာ၏ ကျေးရွာနှင့် သယံဇာတပြမြေပုံ




## မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်၊ ဘန့်ပြင်ကျေးရွာအုပ်စု၊

## ဘန့်ပြင်ကျေးရွာ၏ ရာသီခွင့်ပြု ပြက္ခဒိန်ပြပုံ



မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်၊ ဘန့်ပြင်ကျေးရွာအုပ်စု၊

ဘန့်ပြင်ကျေးရွာ၏ ကျေးရွာတွင်းအဖွဲ့အစည်းများ ချိတ်ဆက်မှုပြပုံ



# အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းစဉ်

## ၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

### (၁.၁) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာမှပြည်သူများကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။ ဤစီမံချက်အား ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်းများ၊ သတင်းအချက်အလက်များအား ပြုစုရန်အရေးကြီးပုံကို သိရှိခဲ့ရပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အကြောင်းရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေဖြင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များ

ကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့အပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေ ပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရရှိစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

## နိုင်ငံတော်အစိုးရအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍ အဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၄င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်ပါသည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းအချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလုပ်လာနိုင်မည်ဖြစ်ပါသည်။

## (၁.၂) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်ထည့်ဝင်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ကြပါသည်။ ယခုအခါယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့်လုပ်ကိုင်နည်း ဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီးအမြင်ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်အားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်

အထိရောက်ဆုံး ဖြည့်စည်းနိုင်မည့် စီမံကိန်းများကို နှစ်အလိုက် ဦးစားပေးရွေးချယ် ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုအပေါ် မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ(ဘန့်ပြင်ကျေးရွာ)

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ဘန့်ပြင်ကျေးရွာသည် သရက်-မင်းတုန်းကားလမ်းမကြီးအတိုင်း (၁၂)မိုင် (ကွာဝေးသော မကျီးပင်ပု-ရွှေပန်းကိုင်းလမ်း ကျေးရွာချင်းဆက်လမ်းမပေါ်မှ (၂မိုင်၅ဖာလုံ)အကွာတွင် တည်ရှိပါသည်။ သရက်မြို့သို့ ရောင်းဝယ်ဖောက်ကား ဆက်သွယ်သွားလာရာ၌ မိုးတွင်းကာလတွင် အနည်းငယ်ခက်ခဲပါသည်။ ဘန့်ပြင်ကျေးရွာ၏အရှေ့ဘက်တွင် ပွန်းချောင်းရှိပြီးချောင်းတစ်ဖက်ကမ်းတွင် ရွာသစ်ကျေးရွာ၊ တောမြင်ဘာကျေးရွာ၊ တောင်ဘက်တွင် ပေကုတင်ကျေးရွာ၊ အနောက်ဘက်တွင် အုန်းမွှန်းတောကျေးရွာ၊ ငါးဘတ်ကျကျေးရွာတို့ တည်ရှိပါသည်။ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းသာဖြစ်ပါသည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန် လက်မမှာ ၇၀မှ ၈၀ ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အထောက်အကူပြုပါသည်။ ကျေးရွာအနီးတွင် သဘာဝတောတောင်မြစ်ချောင်းများရှိပြီး ကျေးရွာအတွက်

ထင်းလောင်စာနှင့် သစ်၊ ဝါးများ အထောက်အပံ့ဖြစ်ပါသည်။ လယ်ယာမြေများသည် စပါး နှင့် ပဲ စိုက်ပျိုးထုတ်လုပ်ရန် အဓိက အားထားရာဖြစ်ပါသည်။

**(ခ) သဘာဝအရင်းအမြစ်**

လယ်ယာမြေအသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီလွှာအသင့်အတင့် ကောင်းမွန်ပါသည်။သဘာဝသယံဇာတများအနက်မှကျေးရွာအနီးတွင် ရေနံလက်ယက်တွင်း များမှ ရေနံအနည်းငယ်ထွက်ရှိပါသည်။ ထွန်ယက်စိုက်ပျိုးကြနိုင်သည့် ဧက(၁၀၉၄)ရှိပြီး မိုးကောင်းသောက်လယ်(၅၈၉)ဧက စိုက်ပျိုးပြီး နှမ်း၊ပဲတီစိမ်း၊ ပဲကြီး၊ ကုလားပဲသီးနှံများကို အဓိကစိုက်ပျိုးကြပါသည်။

**၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်မှု အခြေအနေ**

**(က) လူဦးရေဆိုင်ရာ အချက်အလက်များ**

ဘန့်ပြင်ကျေးရွာသည်အိမ်ထောင်စုပေါင်း(၁၆၇)အိမ်၊အမျိုးသား(၃၁၃)ဦး၊အမျိုးသမီး (၃၇၃)ဦး စုစုပေါင်းလူဦးရေ(၆၈၉)ဦးရှိပြီး တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှ ၅ ဦးထက် လျော့နည်းသည်။ ကျေးရွာလူဦးရေ၏ (၃) ရာခိုင်နှုန်းသည် မွေးကင်းစမှ ၅-နှစ်အရွယ် ကလေးငယ်များဖြစ်ပြီး၊ ကျောင်းနေအရွယ် ကလေးဦးရေ(၁၂%)၊ သက်ကြီးရွယ်အိုဦးရေ(၉%)နှင့် (၁၅-နှစ်မှ ၆၄-နှစ်)အတွင်း အလုပ် လုပ်နိုင်သောအရွယ်ရှိ လူဦးရေ (၇၆%)ရှိပါသည်။ အလုပ်လုပ်နိုင်သော အရွယ်ရှိ အမျိုးသမီး ဦးရေသည် အမျိုးသားဦးရေထက် ၂.၅မျှပိုများသည်။ ကျေးရွာအိမ်ထောင်စု အားလုံးမှာ ဗမာလူမျိုးများဖြစ်ပြီး ဗုဒ္ဓဘာသာ ကိုးကွယ်ကြသူများဖြစ်ပါသည်။

**၄။ သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ**

## (၄.၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်များ

ကျေးရွာတွင် စပါးနှင့် နှမ်း၊ ပဲတီစိမ်း၊ ပဲကြီး၊ ကုလားပဲကို အဓိကထား စိုက်ပျိုးကြပြီး စိုက်ပျိုးမြေဧက ပိုင်ဆိုင်မှုအဖြစ် လယ်မြေ (၆၁၆.၄၁)ဧက၊ ယာမြေ(၃၇၆)ဧက၊ ဥယျာဉ်ခြံမြေ (၉)ဧကနှင့် ကိုင်း၊ ကျွန်းမြေ(၉၀)ဧကရှိပြီး ကျေးရွာရှိ စုစုပေါင်းစိုက်ဧက(၁၀၉၁.၄၁)ရှိပါသည်။ ချောင်းနှင့်နီးသော လယ်ကွင်းများမှာ ရေပြတ်ချိန်တွင် ရေတင်စနစ်ဖြင့် စိုက်ပျိုးကြပြီး ချောင်းရေမရသည့်လယ်ယာမှာ ကောင်းကင်ကျမိုးရေကိုသာ အမှီပြု စိုက်ပျိုးကြရပါသည်။

## (၄.၂) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

သဘာဝတိရစ္ဆာန်မျိုးစိတ်များအဖြစ် ကြက်၊ ဝက်နှင့် နွားများသာရှိပြီး အခြားရှားပါးတိရစ္ဆာန်မျိုးစိတ်များအဖြစ် ယုန်၊ဘွတ်၊ ပုတပ်၊ လင်းယုန်၊ တောကြောင်၊ ဂျီတို့ တခါတရံ တွေ့ရှိရပါသည်။ အပင်မျိုးစိတ်များဖြစ်သော ဂုန်ခါး၊ ဆင်တုတ်မနွယ်၊ ကြောင်လျှာပင်၊ ဆီဖြူသီးပင်၊ ဒန်တလွန်သီးပင်စသည့်အပင်များ အသင့်အတင့်ပေါက်ပါသည်။ မွေးမြူရေးလုပ်ငန်းအား မိသားစုတနိုင်တပိုင်သာ ဆောင်ရွက်ကြခြင်းဖြစ်ပြီး နွားစာ/ ဝက်စာများအဖြစ် စားကျက်မြေ အသင့်အတင့်သာရှိပါသည်။ ကျေးရွာအနီးနားတွင် ရေနံ သဘာဝဓါတ်ငွေ့ အနည်းငယ်ထွက်ရှိပါသည်။ အခြားဓါတ် သတ္တုမထွက်ရှိပါ။

## ၅။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

## (၅.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ကျေးရွာအတွင်း လူထုအခြေပြုအဖွဲ့အစည်းများမှာ - ဘာသာရေးအသင်းအဖွဲ့များအဖြစ် ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့၊ ကျေးရွာဂေါပကအဖွဲ့၊ ပညာရေးကဏ္ဍတွင် မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်၊ လူမှုရေးအဖွဲ့အစည်းများအဖြစ် လူငယ်အဖွဲ့၊ အမျိုးသမီးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ နာရေးကူညီမှုအသင်းနှင့် အရန်မီးသတ်အဖွဲ့တို့ ဖွဲ့စည်းထားရှိပါသည်။အဆိုပါအဖွဲ့အစည်းများတွင် ကျေးရွာနေလူကြီး/လူငယ်၊ အမျိုးသား/အမျိုးသမီးများ အစုံအလင် ပူးပေါင်းပါဝင်မှုရှိအောင် ဖွဲ့စည်းဆောင်ရွက် ထားခြင်းဖြစ်ပါသည်။

ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်၍ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းပါဝင်မှုဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ကော်မတီဝင်များသည် ကဏ္ဍအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် အစီအစဉ်ရေးဆွဲခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်ကြီးကြပ်ခြင်း စသဖြင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော လုပ်ငန်းများအား သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဌာနများနှင့် ချိတ်ဆက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၆။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

## (၆.၁) ဉ စွာခနေအဆင့် အခြေအနေ

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် အသင့်အတင့်ရှိပါသည်။ ဆင်းရဲချမ်းသာအဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၁.၁%သည် ဆင်းရဲကြခြင်းနှင့် အလွန်ဆင်းရဲအိမ်ထောင်စုအဆင့်ရှိကြပြီး ၅၉%သည် ချမ်းသာသည့်အဆင့်၊ ၃၀%သည် အလယ်အလတ်အဆင့် ရှိကြသည်ဟု သတ်မှတ်ကြသည်။ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လုပ်မီမှု၊ လယ်ယာသုံးစက်ကရိယာများ ပိုင်ဆိုင်ကြမှုကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့်

ကောင်းသည်ဟုပြောနိုင်သည်။ ချမ်းသာသော လယ်သမား အိမ်ထောင်စုများအပြင် အခြား လယ်သမားအိမ်ထောင်စုအချို့မှာလည်း ဆန်ကြိတ်စက်၊ ပဲခွဲစက်၊ ဆီစက်၊ ဝါကြိတ်စက်များ တွင်လည်းပါဝင်ဆောင်ရွက်ကြသည်။

အချို့အိမ်ထောင်စုများမှာငွေချေးသောအိမ်ထောင်စုနှင့် အစိုးရဝန်ထမ်းရှိသည့် အိမ်ထောင်စုများ အသင့်အတင့်ရှိကြသဖြင့် အဆင်ပြေမှုရှိကြပါသည်။

အဓိကလုပ်ငန်းများအပြင် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိမည့် တွဲဖက်လုပ်ငန်းများ အဖြစ်အထည်ချုပ်စက်ရုံ၊ နိုင်ငံခြား၌ အလုပ်သွားရောက်လုပ်ကိုင်းမှုများနှင့် ဆောက်လုပ်ရေး လုပ်ငန်းများတွင် နေ့စား/လစားအဖြစ် လည်းကောင်း၊ ပညာရေးဌာန/ ကျန်းမာရေးဌာန စသည်တို့တွင် နိုင်ငံ့ဝန်ထမ်းများအဖြစ် လည်းကောင်း၊ ကိုယ်ပိုင်လုပ်ငန်းများအဖြစ် စက်ချုပ်ခြင်း၊ စပါးကြိတ်စက်လုပ်ငန်းများ၊ ကိုယ်ပိုင်မော်တော်ယာဉ်(ဖောကား၊လိုင်းကား) များဖြင့်သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်ခြင်းတို့ဆောင်ရွက်ကြပါသည်။

## (၆.၂) သီးနှံထုတ်လုပ်ရေး

### (က) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဘန့်ပြင်ကျေးရွာတွင် နေထိုင်သည့်အိမ်ထောင်စုအများစုမှာ တောင်သူများဖြစ်ပြီး စိုက်ပျိုးမြေ(၅)ကေမှ(၁၂.၅)ကေအတွင်း ပိုင်ဆိုင်သူ အလယ်အလတ်အဆင့်ရှိ အိမ်ထောင်စု (၂၇)စု ရာခိုင်နှုန်း( ၁၆.၁၆% )၊ ၂.၅ကေမှ ၅ကေထိ မြေယာပိုင်ဆိုင်သည့်တောင်သူငယ် အိမ်ထောင်စုများမှာ (၁၀၁)စု ရာခိုင်နှုန်း(၆၀.၅%)၊ မြေပိုင်ဆိုင်မှု အနည်းငယ်သာရှိသည့် ဆင်းရဲသားတောင်သူ အိမ်ထောင်စု(၃၂)စု ရာခိုင်နှုန်း(၁၉.၂%)နှင့် မြေယာမဲ့လက်လုပ် လက်စားအိမ်ထောင်စု (၇)စု ရာခိုင်နှုန်း(၄.၂%)ခန့် ရှိပါသည်။

### (ခ) အဓိကစိုက်ပျိုးသီးနှံများနှင့် အထွက်နှုန်း

အဓိကစိုက်ပျိုးသီးနှံမှာ စပါးနှင့်နှမ်း၊ ပဲတီစိမ်း၊ ပဲကြီး၊ ကုလားပဲကို အဓိကထားစိုက် ပျိုးကြသည်။ မိုးစပါးစိုက်ကေ(၆၁၆.၄၁)ကေစိုက်ပျိုးကြပါသည်။ မိုးစပါး တစ်ကေ ပျမ်းမျှ အထွက်နှုန်းမှာ (၆၀)တင်း၊ ကုလားပဲ(၁၇)တင်း၊ ပဲကြီး(၁၈)တင်း၊ ပဲတီစိမ်း(၁၉)တင်း၊

နှမ်း(၉) တင်းတို့ထွက်ရှိကြသည်။ တောင်သူလယ်သမားများအတွက် စားဝတ်နေရေး ဖူလုံမှုရှိပါသည်။တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမား မလုံလောက်မှုပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မားကြသည်။ အချို့တောင်သူများမှာ အလုပ်သမားရှားပါးမှုနှင့်ကုန်ကျစရိတ်မြင့်တက်မှုတို့ကို ကျော်လွှားနိုင်ရန် စပါးစိုက်ရာတွင် ကြဲပက်စနစ်ကို ကျင့်သုံးတတ်ကြသည်။ တောင်သူများသည် တစ်ခါတစ်ရံမိုးရွာသွန်းမှု မညီမျှခြင်း တို့ကို ရင်ဆိုင်ကြရသည်။ ပဲကြီးနှင့် ကုလားပဲစိုက်ခင်းများတွင်ဖျက်ပိုးကျရောက်မှုကို ပိုမို တွေ့ရပြီး ယင်းဖျက်ပိုးများသည် ပိုးသတ်ဆေးတစ်ချို့ကို ခံနိုင်စွမ်းရှိကြသဖြင့် တောင်သူများ အနေနှင့် ထိရောက်သော ဖျက်စီးနှိမ်နင်းရေးစနစ်ကို လိုလားနေကြသည်။

## (၆.၃) မွေးမြူရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ကျေးရွာတွင်း မွေးမြူသည့် တိရစ္ဆာန်များမှာ နွား၊ ဝက်၊ ကြက် တို့ မွေးမြူကြ ပါသည်။ နွားမွေးမြူသည့် အိမ်ထောင်စုမှာ (၁၀၇)အိမ်ဖြစ်ပြီး အကောင်ရေ (၂၅၀)ကောင်၊ ဝက်မွေးမြူသည့် အိမ်ထောင်စုမှာ(၅၀)အိမ်ဖြစ်ပြီး အကောင်ရေ(၇၆)ကောင်နှင့် ကြက်မွေးမြူသည့် အိမ်ထောင်စုမှာ (၁၁၄)အိမ်ဖြစ်ပြီး အကောင်ရေ (၉၅၃)ကောင် ၊ ကျေးရွာတွင်း မွေးမြူရေး လုပ်ကိုင်သည့် အိမ်ထောင်စုနည်းပါးကြပြီး စီးပွားဖြစ်မဟုတ်ဘဲ မိသားစုတစ်ပိုင်တစ်နိုင် မွေးမြူကြခြင်းဖြစ်ပါသည်။ကျေးရွာတွင် ဝက်မွေးသူအိမ်ထောင်စု အရေအတွက်မှာ တစ်ရွာလုံး၏၃၀% ဝန်းကျင်သာရှိပြီး ဒေသရှိ ဝက်မျိုးများကို မွေးမြူကြသည်။ ဒေသကြက်အား တစ်နိုင်တစ်ပိုင်သာ မွေးမြူကြပြီးမွေးမြူသည့်အိမ်ထောင်စုလည်း တစ်ရွာလုံးလိုလိုမွေးမြူကြပါသည်။ ထို့နောက် တောင်သူများ အများစုနေထိုင်သည့် ကျေးရွာဖြစ်သည့်အတွက် အိမ်တိုင်းလိုလိုတွင် နွားများရှိကြပါသည်။တစ်ချို့မှာ နွားများကို ခြံဖြင့်မွေးမြူကြပါသည်။ ရွာသီအလိုက်ဖြစ်ပွားသော တိရစ္ဆာန်ရောဂါများအထူးသဖြင့် ကြက်လည်လိမ်ရောဂါသည်

အဖြစ်များပြီး ရောဂါကြောင့် သေဆုံးပျက်စီးမှုများရှိတတ်သည်။ နွားများ၌လည်း ခွာနာလျှာနာရောဂါသည် နှစ်တိုင်းလိုလိုဖြစ်လေ့ရှိပါသည်။ အဆိုပါရောဂါများအတွက် ကြိုတင်ကာကွယ်ရေးနည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးကုဦးစီးဌာနမှရရှိနိုင်သော်လည်းဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှုအားနည်းပါသည်။ မွေးမြူရေး လုပ်ငန်းပိုင်းဆိုင်ရာအဟန့်အတားများအနေဖြင့်ဆင်းရဲသော အိမ်ထောင်စုများကမွေးမြူရေးလုပ်ငန်းတည်ထောင်၊ တိုးချဲ့ဆောင်ရွက်ရန်ချေးငွေကိုအလွယ်တကူမရရှိနိုင်ကြချေ။ ကျေးရွာထဲတွင်ငွေချေး သူများထံမှချေးငှါးလျှင်လည်း အတိုးနှုန်းမှာမြင့်မားတတ်သည်။ ကျေးရွာတွင်ငါးမွေးမြူရေး ဆောင်ရွက်ရန် မြေနေရာမပြေသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများ မရှိခြင်းဖြစ်ပါသည်။

**(၆.၄) မွေးမြူရေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းကဏ္ဍ**

ကျေးရွာတွင် အခြားဝင်ငွေရလုပ်ငန်းများဖြစ်သော နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊အစိုးရဝန်ထမ်းလုပ်ငန်းတို့ဖြစ်ကြသည်။အခြားလုပ်ငန်း အများစုမှာ ရာသီဥတု၏လုပ်ငန်းအမျိုးအစားအလိုက်တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့်အနေအထားတွင်ရှိသည်။ လက်လုပ်လက်စားအလုပ်များမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်မမှန်ခြင်းကြောင့် ဝင်ငွေရနည်းပါးပါသည်။

ကျပန်း/နေ့စားလုပ်သားများ ဝင်ငွေ ရရှိမှုအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်သူများမှ ပျိုးကြဲချိန်နှင့် ရိတ်သိမ်းချိန်တို့တွင် ပုံမှန်အားဖြင့် အမျိုးသားတစ်ဦးလျှင်(၄၀၀၀ိ/-)နှုန်း၊ အမျိုးသမီးတစ်ဦးလျှင် (၃၀၀၀ိ/-)နှုန်းဖြင့် အငှားခေါ်၍ လုပ်ငန်းဆောင်ရွက်ကြရ သည်။ အရေးတကြီးရိတ်သိမ်းရမည်ဆိုပါက အမျိုးသမီးများကို (၄၀၀၀ိ/-)နှုန်းဖြင့် အလုပ်

ချိန်(၂)ချိန်ခေါ်၍ဆောင်ရွက်ကြရသည်။ဆောက်လုပ်ရေး/ပန်းရံလုပ်ငန်းများတွင် အမျိုးသား လုပ်သားများသာခေါ်ယူပြီး အရေးကြီးလျှင် တစ်နေ့လျှင်(၈၀၀၀/-)နှုန်း၊ ပုံမှန် တစ်နေ့လျှင် (၅၀၀၀/-)နှုန်းဖြင့် ခေါ်ယူဆောင်ရွက်ကြပါသည်။ ရန်ကုန်မြို့ရှိ အထည်ချုပ် စက်ရုံများတွင် သွားရောက်အလုပ်လုပ်ကြသောအမျိုးသမီးများ၏နေ့တွက်ရငွေမှာ တစ်နေ့လျှင် အနည်းဆုံး (၅၀၀၀)ကျပ်နှုန်းနှင့် ကျွမ်းကျင်ဝန်ထမ်းများအတွက် တစ်နေ့လျှင် (၇၀၀၀)ကျပ်နှုန်း ရရှိကြပါသည်။

## ၇။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (၇.၁) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ

ကျေးရွာ၏ အဓိကထွက်ကုန်များကို သရက်မြို့ ဈေးကွက်သို့ ပို့ဆောင်ရောင်းချပါသည်။ ကျေးရွာမှ သရက်မြို့သို့ အကွာအဝေးမှာ (၁၇)မိုင် ခန့်ရှိပြီး ကား/ သုံးဘီး/ ဆိုင်ကယ် တို့ဖြင့်သယ်ယူပို့ဆောင်ခြင်းဖြစ်ပါသည်။

### (၇.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဘန့်ပြင်ကျေးရွာသည် သရက်-မင်းတုန်းကားလမ်းမကြီးအတိုင်း (၁၂)မိုင် ကွာဝေးသော မကျီးပင်ပု-ရွှေပန်းကိုင်းလမ်း ကျေးရွာချင်းဆက်လမ်းမပေါ်မှ ကျေးရွာသို့ (၂မိုင်၅ ဖာလုံ) ဝင်ရပါသည်။ကျေးရွာတွင်းလမ်းများမှ မြေသားလမ်း အဆင့်သာရှိပြီး မိုးရွာသီတွင် ရွံ့ဘွက်များဖြစ်ပေါ်ပြီး ပွင့်လင်းရွာသီ၌သာသွားလာရလွယ်ကူပါသည်။ ကျေးရွာ၏အရှေ့ဘက်တွင်ရှိသော တောမြင်ဘာ-ရွာသစ်-ဘန့်ပြင်ကျေးရွာချင်းဆက်လမ်း မြေသားလမ်း တစ်လမ်းလည်းရှိပါသည်။အဆိုပါလမ်းမှာ ပွန်းချောင်းအား နှစ်ကြိမ်ဖြတ်သန်းသွားလာခြင်း၊ မိုးတွင်းကာလတွင် သွားလာ၍မရခြင်းကြောင့် ပွင့်လင်းရာသီမှသာသွားလာကြပါသည်။ ထိုလမ်းမှာ (၃)မိုင် ဝေးပြီး သရက်-မင်းလှလမ်းမကြီးရောက်ရှိကာ သရက်မြို့သို့ (၁၄)မိုင်ခန့်

ကွာဝေးပါသည်။

**(၇.၃) သယ်ယူပို့ဆောင်ရေးနှင့် ဝန်ဆောင်မှုများ**

ကျေးရွာအတွင်း နေထိုင်သည့် အိမ်ထောင်စုများ၏ သယ်ယူပို့ဆောင်ရေး ယာဉ်များ ပိုင်ဆိုင်မှုအနေဖြင့် ဆိုင်ကယ်(၉၄)စီး၊ စက်ဘီး (၃၂)စီး၊ ကား (၂)စီး၊ ထော်လာဂျီနှင့် နွားလှည်း (၁၁၉)စီး ပိုင်ဆိုင်ကြပါသည်။

**(၇.၄) မီးရရှိမှု အခြေအနေ**

ကျေးရွာအတွင်း နေထိုင်သည့် အိမ်ထောင်စု(၁၆၇)စုအနက် ( ၁၅၆)အိမ်မှာ ပုဂ္ဂလိက ပိုင် ဒီဇယ်အင်ဂျင်မီးစက်မှ (၇:၀၀)မှ (၉:၀၀)ထိ တစ်လ(၃၀၀၀)ဖြင့် မီးရယူ သုံးစွဲကြပြီး တစ်အိမ်သုံးဆိုလာမီးအသုံးပြုသည့်အိမ်ထောင်စုများမှာ(၁၅)၊ ကျန်(၆)အိမ်မှာ ဖယောင်းတိုင် မီးကိုသာ အသုံးပြုကြပါသည်။

**(၇.၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ အခြေအနေ**

ကျေးရွာနေအိမ်ထောင်စုအများစုမှာ တယ်လီဖုန်းများ ပိုင်ဆိုင်ကြပြီး ဖုန်း(၂၅၁) လုံး၊ ရေဒီယို (၄၀)လုံးနှင့် တီဗွီ (၉၃)လုံး ပိုင်ဆိုင်ကြခြင်းကြောင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးအခြေအနေအတန်အသင့် ကောင်းမွန်ပါသည်။ မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများ၊လက်လှမ်းမီအသုံးပြုနိုင်ပါသည်။ အင်တာ နက်မှ သတင်းအချက်အလက်များ၊ ပညာရေး၊ စီပွားရေး၊ စိုက်ပျိုးရေးစသည့်လေ့လာ အသုံး ပြုမှုရရှိသည့်အတွက် ကျေးရွာနေပြည်သူများ ဗဟုသုတ တိုးပွားလာပါသည်။

**၈။ ပညာရေး**

**(၈.၁) ကျောင်းတက်နှုန်း**

ကျေးရွာ၏ စာသင်ကျောင်းမှာအလယ်တန်းကျောင်းဖြစ်ပါသည်။ လက်ရှိ အတန်း

တက်ရောက်သင်ယူနေသူဦးရေမှာ မူလတန်းတွင် စုစုပေါင်းကျောင်းသား/သူ (၅၇)ဦး၊ အလယ်တန်းတွင် စုစုပေါင်းကျောင်းသား/သူ (၂၇)ဦး၊ ကျေးရွာမှ မြို့သို့ အထက်တန်း သွားရောက်သင်ယူနေသောကျောင်းသား/သူစုစုပေါင်း(၂၃)ဦးရှိပြီး တက္ကသိုလ်/ ကောလိပ် တက်ရောက်နေသော ကျောင်းသား/သူများ (၉)ဦး တို့သည် အသီးသီးပညာများ လေ့လာ ဆည်းပူးကြပါသည်။

### (၈.၂) စာသင်ကျောင်းဆောင် အခြေအနေ

ကျေးရွာရှိ အလယ်တန်းကျောင်းသား/သူ စုစုပေါင်း (၈၄)ဦးရှိပါသည်။ မူလတန်း နှင့် အလယ်တန်း ကို ပေ ၆၀×ပေ၃၀အရွယ်ရှိသွပ်မိုး၊ အုတ်နံရံကာနှင့် အင်္ဂတေအခင်း ကျောင်းဆောင် ၂ ဆောင်နှင့် ပေ ၆၀× ပေ၃၀ ပျဉ်ခင်း၊ ပျဉ်ကာ၊သွပ်မိုးအဆောင် (၁)ဆောင် တို့တွင် သင်ကြားလျှက်ရှိပြီး ကျောင်းဆောင်များ၏ အသင့်အတင့်မှာ ကောင်းမွန် လျှက်ရှိပါသည်။ ကျောင်းသုံးပရိဘောဂပစ္စည်းများပြည့်ပြည့်စုံစုံ လုံလုံလောက်လောက်မရှိ ပါ။ကျောင်းတွင် ကျောင်းသား/သူအင်အားအချိုးနှင့်ဆရာ/မအင်အားနှိုင်းယှဉ်လျှင် ဆရာ/မ အင်အားမှာနည်းပါးနေကြောင်းတွေ့ရှိရပါသည်။

## ၉။ ကျန်းမာရေး

### (၉.၁) အဖြစ်များသော ရောဂါများ

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းရှိပါသည်။ ကျေးရွာသူ ကျေးရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှုတို့နှင့် လက်လှမ်းမီမှုရှိပါသည်။ ကျေးရွာ တွင်တခါတရံအဖြစ်များသော ရောဂါများဖြစ်သော ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန် တုတ်ကွေးရောဂါ ၊ ငှက်ဖျားရောဂါတို့ဖြစ်ပွားကြပြီး အနည်းအကျင်းတွေရသော ရောဂါများ အနေဖြင့် တီဘီရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါတို့ဖြစ်ပွားမှုအားတွေ့ရပါသည်။ အခြား HIV/ AIDS ရောဂါများ ဖြစ်ပွားမှု လုံးဝမရှိပါ။ ကျေးရွာကျန်းမာရေးနှင့် ပတ်သက်၍

ကောင်းမွန်မှုရှိပါကြောင်း တွေ့ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် မြွေအန္တရာယ်ရှိပါသော ကြောင့် မြွေဆိပ် ဖြေဆေးများအား ကျေးလက်ကျန်းမာရေးဌာနများသို့ လိုအပ်သလိုပံ့ပိုးနိုင် ရန် အကြံဉာဏ်ကောင်းများ လိုအပ်ကြောင်း လေ့လာတွေ့ရှိပါသည်။

## (၉.၂) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် လွန်ခဲ့သော (၁၂)လအတွင်း ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင်အသားဝါရောဂါ၊ ပိုလီယိုရောဂါ၊ ဝက်သက်ရောဂါ ဆင်ခြေထောက် ရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ စသည့် ရောဂါများအတွက် ကာကွယ်ဆေးနှင့် အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှုများ ဆောင်ရွက်ခဲ့ခြင်းနှင့် အဟာရပညာပေး အစီအစဉ်များ လည်း ဆောင်ရွက်ခဲ့ပါသည်။

## (၉.၃) ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ ဆေးပေးခန်းများ)

ဘန့်ပြင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိပါသည်။ ကျေးရွာတွင် ဖြစ်လေ့ရှိသောအဖျားရောဂါများအတွက် ကျေးရွာတွင် ဆေးကုသမှုခံယူကြပြီး ဆေးပေးခန်း မှ ရောဂါကာကွယ်ဆေးများကိုလည်း သောက်ဆေး၊ ထိုးဆေးများဖြင့် ကြိုတင်ကာကွယ်ပေး လျှက်ရှိပါသည်။ထို့အပြင် (၁၇)မိုင်ခန့် ကွာဝေးသော သရက်မြို့ရှိ ခရိုင်ဆေးရုံကြီးသို့ သွား ရောက်ဆေးကုသမှု ခံယူကြရပါသည်။

## (၉.၄) ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင်ရေသုံးစွဲမှုအနေဖြင့် သောက်ရေအားအုတ်စီတွင်း (၄)တွင်းမှ သုံးစွဲကြပြီး သုံးရေအနေဖြင့် မြေသားမိုးရေလှောင်ကန်(၂)ကန်မှလည်းကောင်း၊ တွင်းတိမ် (ခပ်ခွပ်တွင်း) (၅၂)တွင်းတွင်လည်းကောင်း၊ချောင်းရေကိုလည်းသုံးစွဲကြပါသည်။ သောက်သုံးရေအတွက်

ဖူလုံမှုရှိပါသည်။ ကျေးရွာ၏ပတ်ဝန်းကျင်သန့်ရှင်းရေးများကိုလည်း အစဉ်တစိုက် ပြုလုပ်ဆောင်ရွက်လျှက်ရှိပါသည်။

## (၉.၅) ယင်လုံအိမ်သာ သုံးစွဲမှုအခြေအနေ

ကျေးရွာနေ အိမ်ထောင်စုအများစုမှာ ကျန်းမာရေးဗဟုသုတရှိသည့် အားလျော်စွာ သန့်ရှင်းသော ရေလောင်း/ယင်လုံ အိမ်သာသုံးစွဲသူ အိမ်ထောင်စု (၁၆၂)စုရှိပြီး တွင်း/ဇလား အိမ်သာသုံးစွဲသော အိမ်ခြေမှာ(၇)အိမ်ရှိပါသည်။ စီးပွားရေးပြေလည်သော အိမ်ထောင်စု အများစုများမှာ အိမ်သာကျင်းကို အုတ်ဖြင့်ဆောက်လုပ်ထားကြပြီးစီးပွားရေးအားနည်းသော အိမ်ထောင်စုများမှာ ဝါးရိုင်ပတ်ဖြင့် ဆောက်လုပ်သုံးစွဲကြသည်။ယင်လုံအိမ်သာများ သုံးစွဲကြသော အိမ်ထောင်စုများကြသဖြင့်ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါများဖြစ်ပွားမှု နည်းပါးပါသည်။စာသင်ကျောင်းတွင်ကျောင်းအိမ်သာများစနစ်တကျဆောက်လုပ်ထားပြီးကျောင်းသားကျောင်းသူများအတွက် အသုံးပြုရန်လွယ်ကူပါသည်။

## ၁၀။ ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

ကျေးရွာတွင်း ချို့တဲ့နွမ်းပါးသော အိမ်ထောင်စုများသည် အငှားလိုက် နေ့စားများ အဖြစ် လုပ်ကိုင်ကြပြီး မိုးတွင်းကာလတွင် ငှားရမ်းသူမရှိခြင်းကြောင့် စားနပ်ရိက္ခာ မဖူလုံမှု ကြုံတွေ့ရတတ်ပါသည်။ သစ်တောများပြုန်းတီးခြင်းကြောင့်လည်း မိုးခေါင်ပြီး ရေရှားပါးမှု များဖြစ်ပေါ်၍ စိုက်ပျိုးသီးနှံများပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်နိုင်ပါသည်။ထို့နောက် သီးနှံများပျက်စီးခြင်းကြောင့် ဝမ်းစာဖူလုံမှုမရှိခြင်း၊ အကြွေးနွံ့နစ်ပြီး ငွေကြေးကြပ်တည်းမှုများ ဖြစ်ပေါ်လာနိုင်ပါသည်။ အချို့နှစ်များတွင် မုန်တိုင်းတိုက်ခတ်မှုများ ကြုံတွေ့ကြရသော်လည်း ကြီးကြီးမားမားဆုံးရှုံးမှုမရှိခဲ့ပါ။ အခြားသဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုနည်းပါးပါသည်။ ကျန်းမာရေး ဆိုင်ရာ ဗဟုသုတ ကြွယ်ဝသည့်အတွက် ရောဂါဖြစ်ပွားမှုနှုန်းလည်း နည်းပါးပါသည်။

## ၁၁။ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

စိုက်ပျိုးမြေများမှာ နှစ်ကာလ ကြာရှည်စွာ စိုက်ပျိုးခဲ့ကြပြီး မြေဩဇာအသုံးပြုမှု နည်းပါးသဖြင့် သဘာဝမြေဆီလွှာ၏ အရည်အသွေးမှာ အသင့်အတင့်သာရှိပါသည်။ ကျေးရွာအနီးတွင် ဆေးဘက်ဝင်အပင်များဖြစ်သော မြင်းခွာပင်၊ ညှော်ကာမြစ်ပင်၊ ဆင်တုံးမနွယ်ပင်၊ ဂုန်ခါးစသည့် အပင်များ ပေါက်လျက်ရှိပြီး မျိုးတုံးမှုမရှိအောင် ထိန်းသိမ်းထားရှိပါသည်။

ကျေးရွာတွင် လယ်ယာ၊ကိုင်းကွက်များရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီ အသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာအနီးတစ်ဝိုက်တွင် သဘာဝသယံဇာတများ မထွက်ရှိပါ။မြေအောက်ရေအသုံးပြုမှုနည်းပါးပါသည်။

**၁၂။ ကျား-မရေးရာ**

ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ ပါဝင်လှုပ်ရှားမှုရှိပြီး အမျိုးသားများ နည်းတူ လုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိမှု အားနည်းပါသည်။ သို့သော် အခြားသော လူမှုရေးဆိုင်ရာ ကိစ္စရပ်များတွင် ဦးစီးဦးဆောင် ဆောင်ရွက်မှု ကောင်းမွန်ပြီး ကျေးရွာ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတွင်လည်း လုပ်ဆောင်နိုင်ကြပါသည်။ အုပ်ချုပ်ရေးကဏ္ဍမှလွဲ၍ အခြားကဏ္ဍအသီးသီးတွင် အမျိုးသမီးများအပေါ် ကျားမ ခွဲခြားမှုမရှိဘဲ ပူးပေါင်း၍ ဆောင်ရွက်မှုများ အားကောင်းလာခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ၏ လုပ်ကိုင်ဆောင်ရွက်မှုများတွင် အထိုက်အလျောက် အောင်မြင်မှုများ ရရှိနေခြင်းဖြစ်ပါသည်။ ကျား-မတန်းတူညီမျှမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူညီမျှ ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်သည်။

**၁၃။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ**

ဘန့်ပြင်ကျေးရွာနေပြည်သူများ၏ ဆွေးနွေးတင်ပြချက်များနှင့် အကြံပြုချက်များ အပေါ် အခြေခံ၍ ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေများ၊ အဟန့် အတားများနှင့် စိန်ခေါ်မှုများကို အောက်တွင်ဖော်ပြထားပါသည်။

## (က) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့ဖြစ်စေသော အခြေအနေ ကောင်းများ

ကျေးရွာနေပြည်သူ အများစုမှာ တောင်သူများဖြစ်ပြီး တောင်သူတစ်ဦးလျှင် ပျမ်းမျှ အားဖြင့် စိုက်ဧက (၄)ဧကခန့် ပိုင်ဆိုင်ကြပါသည်။ မြေဆီမြေလွှာအတန်အသင့် ကောင်းမွန် ပြီး ဓါတ်မြေသြဇာနှင့် ဆေးများအလွယ်တကူ ဝယ်ယူရရှိကြသဖြင့် စိုက်ပျိုးသီးနှံထွက်နှုန်း အတန်အသင့်ကောင်းမွန်ပါသည်။ မြို့နှင့်(၁၇)မိုင်ခန့်သာ ကွာဝေးပြီး ကျေးရွာမှ ပုဂ္ဂလိကပိုင် ကား(၂)စီးနှင့် မိသားစုကိုယ်ပိုင် ဆိုင်ကယ်များ ရှိကြသဖြင့် သွားရေးလာရေး အဆင်ပြေ ပြေဖြင့် ကုန်စည်ပို့ဆောင်ရေးနှင့် သီးနှံရောင်းဝယ်ရေးအတွက် ဈေးကွက်ရှိရာ သရက်မြို့သို့ အလွယ်တကူသွားလာနိုင်ပါသည်။ ထို့ကြောင့် အိမ်ထောင်စုအများစုမှာ စားဝတ်နေရေး အတန်သင့်ပြေလည်ကြပါသည်။

ကျေးရွာတွင် အလယ်တန်းအဆင့်ရှိသဖြင့် ကျေးရွာသူ၊ ကျေးရွာသားအများစုမှာ အနိမ့်ဆုံး အလယ်တန်းအဆင့် တတ်မြောက်ကြသူများ ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက် စေရေး ဆောင်ရွက်လျှက်ရှိသော အဖွဲ့အစည်းများနှင့် အနိမ့်ဆုံး မူလတန်းနှင့် အလယ်တန်း အဆင့်တတ်မြောက်ပြီး တက်ကြွမှုရှိသော လူငယ်များရှိသည့်အတွက် ကျေးရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရန်များစွာ အထောက်အကူပြုလျှက်ရှိပါသည်။

## (ခ) ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ

ဘန့်ပြင်ကျေးရွာသည် သရက်မြို့သို့ သွားလာသော လမ်း(၂)လမ်းရှိပါသည်။ သရက်-မင်းတုန်းကားလမ်းမကြီးအတိုင်း (၁၂)မိုင် ကွာဝေးသော မကျီးပင်ပု-ရွှေပန်းကိုင်းလမ်း ကျေးရွာချင်းဆက်လမ်းမပေါ်မှ ကျေးရွာသို့ (၂မိုင်၅ ဖာလုံ) ဝင်ရပါသည်။ကျေးရွာ၏အရှေ့

ဘက်တွင်ရှိသော တောမြင်ဘာ-ရွာသစ်-ဘန့်ပြင်ကျေးရွာချင်းဆက်လမ်း မြေသားလမ်း တစ်လမ်းလည်းရှိပါသည်။ အဆိုပါလမ်းမှာ ပွန်းချောင်းအား နှစ်ကြမ်ဖြတ်သန်းသွားလာ ခြင်း၊ မိုးတွင်းကာလတွင် သွားလာ၍မရခြင်းကြောင့် ပွင့်လင်းရာသီမှသာသွားလာရသော ကြောင့် မိုးတွင်းကာလတွင် စီးပွားရေး၊ လူမှုရေး၊ ကုန်သွယ်ရေးတွင်အဟန့်အတား ဖြစ်ပေါ်စေပါသည်။

**၁၄။ ရည်ရွယ်ချက် ပန်းတိုင်နှင့် ဗျူဟာ**

**(က) ရည်ရွယ်ချက်ပန်းတိုင်**

ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထုပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ဘန့်ပြင်ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုး တိုးတက်စေရေးကို အဟန့်အတားဖြစ်စေသည့် အဓိကအချက်မှာ ကျေးရွာတွင် ပညာရေး၊ သတင်းအချက်အလက်၊ အသိပညာဗဟုသုတများ ကြွယ်ဝစေရေးနှင့် လူနေမှုဘဝအဆင့် အတန်း မြင့်မားလာစေရန် ရည်ရွယ်၍ ကျေးရွာမီးလင်းရေးအား ဆိုလာစနစ်ဖြင့် သော် လည်းကောင်း၊ ဒီဇယ်အင်ဂျင်ဖြင့်လည်းကောင်း ဆောင်ရွက်လိုပါသည်။ထို့နောက် ကျေးရွာ တွင် လိုအပ်သော ကဏ္ဍအသီးသီးမှ ဖွံ့ဖြိုးစေရန် ရည်ရွယ်ချက် ပန်းတိုင်(၁၁)ကို ရေးဆွဲထားပါသည်။

(၁) ကျေးရွာမှစိုက်ပျိုးသီးနှံများဈေးကွက်သို့အချိန်မီရောင်းချနိုင်ရေး၊ကျန်းမာရေး အရေးပေါ်ဖြစ်ပါက အချိန်မီကုသမှုခံယူနိုင်ရေး၊ ပညာရေးနှင့် လူမှုစီးပွားဘဝ တိုးတက်လာ စေရေးတို့အတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် လိုအပ်သည့်အတွက် ကျေးရွာမှ မကျီးပင်ပု-ရွှေပန်းကိုင်းလမ်းမသို့ ဆက်သွယ် သည့်လမ်းအား နွေ၊မိုးဆောင်းရာသီမရွေး သွားလာနိုင်စေရန် မူလလမ်းအား အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ရန်၊

(၂) ကျေးရွာရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုရရှိစေရန် ကျေးရွာ တွင် ကျန်းမာရေးဌာနခွဲနှင့် ဝန်ထမ်းအိမ်ယာ တည်ဆောက်ပေးရန်၊

(၃) ရွာတွင်းလမ်းများအား အဆင့်မြင့်တင်ခြင်းဆောင်ရွက်ရန်၊

(၄) ရွာလယ်တွင် ရေတိုက်စား၍ ချောက်ဖြစ်နေသည့်နေရာအား ရေပြွန်တည်ဆောက်ရန်၊

(၅) ကျောင်းသား/သူများအတွက် စာသင်ဆောင်မလုံလောက်သည့် အတွက် (၆၀'×၃၀') စာသင်ဆောင် တစ်လုံးဆောင်ရွက်ရန်၊

(၆) ကျေးရွာနေပြည်သူများ အသိအလိမ္မာတိုးတက်စေခြင်းနှင့် ဗဟုသုတကြွယ်ဝစေခြင်းအတွက် စာကြည့်တိုက်တည်ဆောက်ရန်၊

(၇) ကျေးရွာတွင် လူငယ်လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများဖွင့်လှစ်ရန်၊

(၈) တောင်သူဦးကြီးများအတွက် သီးနှံများ အထွက်နှုန်းတိုးပွားလိုခြင်းအတွက် သီးနှံများ မျိုးကောင်းမျိုးသန့်များ ရရှိစေရန်နှင့် စိုက်ပျိုးရေး အသိပညာပေးဟောပြောပွဲများ ပြုလုပ်နိုင်ခြင်းအတွက် တင်ပြတောင်းခံရန်၊

(၉) လူငယ်အားကစားကွင်း ဖောက်လုပ်ရန်၊

(၁၀) တိရစ္ဆာန်များ ကူးဆက်ရောဂါကာကွယ်နိုင်ရေးအတွက် အသိပညာပေးသင်တန်း နှင့် ကာကွယ်ဆေးထိုးနည်းသင်တန်းများ ဖွင့်လှစ်ပေးလိုခြင်းအတွက် တင်ပြတောင်းခံရန်

**(ခ) ဖွံ့ဖြိုးရေးဗျူဟာ**

အထက်ပါ ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်ပန်းတိုင်များ ပြည့်မီရန်အတွက် ကျေးရွာအတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကိုအထောက်အကူဖြစ်စေသော အလားအလာ အထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေးဗျူဟာများကို သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာသူကျေးရွာသားများ ပူးပေါင်းပါဝင်ခြင်း ဖြင့် ဖော်ထုတ်ထားပါသည်။

၁။ ကျေးရွာတွင်း ဆိုလာမီးမရနိုင်ပါကဒီဇယ်အင်ဂျင်ဖြင့် တစ်ရွာလုံးမီးရရှိနိုင်ရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေသိန်း(၁၀၀)ဖြင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြသွားရန်၊

၂။ ကျေးရွာမှ(မကျီးပင်ပု-ရွှေပန်းကိုင်း)လမ်းမသို့အထွက်လမ်းအားလမ်းအဆင့်မြှင့်တင်ခြင်းဆောင်ရွက်နိုင်ရန်အတွက် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနသို့တင်ပြသွားရန်၊

၃။ ကိုယ်ထူကိုယ်ထဖြင့် တည်ဆောက်ထားသော ကျန်းမာရေးဆေးပေးခန်းမှာ ပျက်စီးခြင်း၊ဝန်ထမ်းအိမ်ရာမရှိခြင်းကြောင့် လိုအပ်ချက်အရချထားပေးနိုင်ရန် ကျန်းမာရေးဦးစီးဌာနသို့တင်ပြတောင်းခံရန်၊

၄။ ကျေးရွာတွင်း လမ်းများမှာ မြေသား လမ်းများဖြစ်ပြီး မိုးတွင်း ကာလတွင် သွားလာရေးခက်ခဲသည့်အတွက်မြေနီ ခင်းခြင်းလုပ်ငန်းအားလှူတော်ရန် ပုံငွေ၊ အလှူရှင်များသို့ တင်ပြတောင်းခံသွားရန်

၅။ ကျေးရွာပြည်သူများ၊ ကျောင်းသား/သူများ အဆင်ပြေသွားလာနိုင်စေရန်၊ ရွာသာယာလှပစေရန်အတွက် ချောက်ကူးတံတားအား လှူတော်ရန်ပုံငွေ၊ အလှူရှင်များသို့ တင်ပြတောင်းခံသွားရန်၊

၆။ အလယ်တန်းကျောင်းသား/သူများအတွက်စာသင်ဆောင်မလုံလောက်သောကြောင့်ချထားပေးနိုင်ရေးပညာရေးဦးစီးဌာနသို့ တင်ပြတောင်းခံရန်၊

၇။ မွေးမြူရေးနည်း ပညာရရှိရေးနှင့် တိရစ္ဆာန်ကာကွယ်ဆေးတတ်စေရန် သင်တန်းဖွင့်လှစ်ပေးနိုင်ရန်အတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ တင်ပြတောင်းခံရန်၊

၈။ အသက်မွေးဝမ်းကျောင်းပညာရပ်များ တတ်မြောက်မှုအားနည်းသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပူးပေါင်း၍ အသက်မွေးဝမ်းကျောင်းပညာ သင်တန်းများ ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ရန်

၉။ စာအုပ်စာပေကောင်းများဖတ်ရှုနိုင်ရန်အတွက် ကျေးရွာတွင် စာကြည့်တိုက်ဖွင့်လှစ်နိုင်ရေး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသို့ တင်ပြတောင်းခံရန်

၁၀။ စိုက်ပျိုးရေးနည်းပညာနှင့် မျိုးကောင်း မျိုးသန့်များ ရရှိနိုင်ရန်နှင့် စက်ယန္တယားများ ပံ့ပိုးမှုများ ရရှိနိုင်ရန်အတွက် စိုက်ပျိုးရေး နည်းပညာပေး သင်တန်း များ ဖွင့်လှစ်ပို့ချပေးရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနသို့ တင်ပြ တောင်းခံရန်

၁၁။ ကျေးရွာနေ လူငယ်များ ကျန်းမာကြံ့ခိုင်ရေးနှင့် အားကစားပြုလုပ်နိုင်ရန် အတွက်အားကစားကွင်း တည်ဆောက်နိုင်ရေးအတွက် ရပ်မိရပ်ဖများအား တင်ပြ၍ မြေနေရာရှာခြင်းနှင့် ကျေးရွာနေ လူငယ်များ၏ လုပ်အားဖြင့် အားကစားကွင်းတည်ဆောက်ရန်

## ၁၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မလုပ်ဆောင်နိုင်သော၊ မဖြေရှင်းနိုင်သော ပြဿနာများအတွက် ချိတ်ဆက်လုပ်ဆောင်နိုင်ရန် နိုင်ငံတော်အဆင့်၊ ဒေသအဆင့်၊ မြို့နယ်အဆင့်တွင်မူဝါဒများ၊အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများလုပ်ဆောင်နိုင်ရန် ရည်ရွယ်ပါသည်။

## ၁၆။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်မည့်ကာလ

### (က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည်မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃)နှစ်ကျော် လာချိန်တွင် စီမံကိန်း (၅)နှစ်တာ ကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ထို့ကြောင့် ဆိုးဝါးသောသဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် (၅)နှစ်တာ ဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်း(၅)နှစ်တာအတွင်း ထပ်တိုးစီမံချက်များအား ထည့်ဝင်လာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေး စီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့်စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရလွယ်ကူစေသည်။ ဒေသတွင်းဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေး အန္တရာယ်၊ အရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များအား ပြောင်းလဲရန် ဖြစ်ပါသည်။သို့ဖြစ်၍ ကျွန်ုပ်တို့ (၅)နှစ်တာအတွက် ရေးဆွဲ ထားသောဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက်အကောင်အထည်ဖော် ဆောင်ရွက် မည့် နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ပြင်ဆင်ရမည်ဖြစ်ပါသည်။

## (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း

အစီအစဉ်နှင့်စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအပေါ် အခြေခံ၍ စီမံကိန်း အုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာအချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများ အတွက် ၎င်းတို့နှင့် သက်ဆိုင်သော စီမံကိန်းများကို သိရှိနားလည်နိုင်ရန် အထောက်အကူပြု ပါမည်။ Economic classification သည် စီမံကိန်းလုပ်ငန်းများ၏ အကျိုးရလာဒ် ဖြစ်ထွန်းမှုအား အကဲဖြတ်သုံးသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ် ပါသည်။

### ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့်ကဏ္ဍအောက် တွင် (ဥပမာ– စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့် သက်ဆိုင် သည် စသည်ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

### ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည် ကို ဖော်ပြခြင်းဖြစ်ပါသည်။

(၁)    သာမန်အသုံးစရိတ် (Current Expenditure) (ဥပမာ – လစာ၊ နေ့တွက် စရိတ်၊ လုပ်ငန်းလည်ပတ် စရိတ်၊ ငှားရမ်းခ စသည်များ)

(၂)    ငွေလုံးငွေရင်းအသုံးစရိတ်(Capital Expenditure) (ဥပမာ-ဆောက်လုပ်ရေး ပစ္စည်းများနှင့် ပုံသေဝယ်ယူရသော ရင်းနှီးမြှုပ်နှံမှုများ)

(၃)  စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်(Capacity Building Expenditure) (ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံးစရိတ်)

(၄)    လူသားခြင်းစာနာမှုအထောက်အပံ့ (Humanitarian Support)

**(ဂ)    ဦးစားပေးစီမံချက်များ**

ဘော်ကျေးရွာ၏ ဦးစားပေးစီမံချက်များကို ကျေးရွာတွင် လေ့လာတွေ့ ရှိရသော လိုအပ်ချက်/ ပြဿနာများ၊ ကျေးရွာနေပြည်သူများ၏ ဆွေးနွေးအကြံပြုချက်များ အပေါ် အခြေခံ၍ ကျေးရွာလူထုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ဦးစား ပေးစီမံချက်များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| **ကဏ္ဍ** | **စီမံချက်** | **ရမှတ်** | **ဦးစားပေး အဆင့်** | **စီမံချက်ဖော်ပြချက်** | **မှတ်ချက်** |
|---|---|---|---|---|---|
| **မီးလင်းရေး** | ကျေးရွာမီးလင်းနိုင်ရေး | ၈၀ | ၁ | ကျေးရွာတွင်း ဆိုလာမီးမရနိုင်ပါက ဒီဇယ်အင်ဂျင်ဖြင့် တစ်ရွာလုံးမီး ရရှိနိုင်ရန်အတွက် ကျေးရွာဖွံ့ဖြိုး ရေးစီမံကိန်း ရန်ပုံငွေသိန်း(၁၀၀)ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့ တင်ပြသွားရန် | |

| | | | | | |
|---|---|---|---|---|---|
| **လမ်းတံတား** | ကျေးရွာ ချင်းဆက်လမ်း | ၇၅ | ၂ | ကျေးရွာမှ (မကျီးပင်ပု-ရွှေပန်းကိုင်း) လမ်းမသို့အထွက်လမ်းအား လမ်း အဆင့် မြှင့်တင်ခြင်းဆောင်ရွက်နိုင် ရန်အတွက် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနသို့တင်ပြသွားရန် | |
| **ကျန်းမာရေး** | ကျန်းမာရေးဌာနခွဲနှ င့် ကျန်းမာရေး ဝန်ထမ်းအိမ်ရာ ချထားပေးရန် | ၆၈ | ၃ | ကိုယ်ထူကိုယ်ထဖြင့် တည်ဆောက် ထားသော ကျန်းမာရေးဆေးပေးခန်း မှာ ပျက်စီးခြင်း၊ ဝန်ထမ်းအိမ်ရာမရှိခြင်း ကြောင့် လိုအပ်ချက်အရ ချထားပေး နိုင်ရန် ကျန်းမာရေးဦးစီးဌာနသို့ တင်ပြတောင်းခံရန် | |
| **ကဏ္ဍ** | **စီမံချက်** | **ရမှတ်** | **ဦးစားပေး အဆင့်** | **စီမံချက်ဖော်ပြချက်** | **မှတ်ချက်** |
| **လမ်းတံတား** | ရွာတွင်းလမ်း မြေနီခင်းခြင်း ဆောင်ရွက်ရန် | ၇၂ | ၄ | ကျေးရွာတွင်း လမ်းများမှာ မြေသား လမ်းများဖြစ်ပြီး မိုးတွင်း ကာလတွင် သွားလာရေးခက်ခသည့်အတွက်မြေနီ ခင်းခြင်းလုပ်ငန်းအားလွှတ်တော်ရန် ပုံငွေ၊ အလှူရှင်များသို့ တင်ပြတောင်း ခံသွားရန် | |
| **လမ်းတံတား** | ရွာလယ်ချောက်ကူး တံတားတည် ဆောက်ခြင်း | ၆၈ | ၅ | ကျေးရွာပြည်သူများ၊ ကျောင်းသား/သူ များ အဆင်ပြေသွားလာနိုင်စေရန်၊ ရွာသာယာလှပစေရန်အတွက် ချောက် ကူးတံတားအား လွှတ်တော်ရန်ပုံငွေ၊ အလှူရှင်များသို့ တင်ပြတောင်းခံသွား ရန် | |

| | | | | | |
|---|---|---|---|---|---|
| **ပညာရေး** | (၆၀'×၃၀')ရှိ အလယ်တန်း ကျောင်းဆောင်သစ် တည်ဆောက်ရန် | ၅၀ | ၆ | အလယ်တန်းကျောင်းသား/သူများ အတွက် စာသင်ဆောင်မလုံလောက် သောကြောင့် ချထားပေးနိုင်ရေး ပညာရေးဦးစီးဌာနသို့ တင်ပြ တောင်းခံရန် | |
| **စိုက်ပျိုးရေး** | စိုက်ပျိုးရေး နည်းပညာရရှိရေး | ၄၂ | ၇ | စိုက်ပျိုးရေးနည်းပညာနှင့် မျိုးကောင်း မျိုးသန့်များ ရရှိနိုင်ရန်နှင့် စက်ယန္တ ယားများ ပံ့ပိုးမှုများ ရရှိနိုင်ရန်အတွက် စိုက်ပျိုးရေး နည်းပညာပေး သင်တန်း များ ဖွင့်လှစ်ပို့ချပေးရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနသို့ တင်ပြ တောင်းခံရန် | |
| **မွေးမြူရေး** | မွေးမြူရေးနည်း ပညာရရှိရေးနှင့် တိရစ္ဆာန်ကာကွယ် ဆေးတတ်စေရန် သင်တန်းဖွင့်လှစ် ခြင်း | ၄၀ | ၈ | မွေးမြူရေးနည်း ပညာရရှိရေးနှင့် တိရစ္ဆာန်ကာကွယ်ဆေးတတ်စေရန် သင်တန်းဖွင့်လှစ်ပေးနိုင်ရန်အတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ တင်ပြတောင်းခံရန် | |
| **စိုက်ပျိုး မွေးမြူရေး မဟုတ်သော လုပ်ငန်းများ** | အသက်မွေး ဝမ်းကျောင်းပညာ သင်တန်းများ ဖွင့်လှစ်ပေးခြင်း | ၃၇ | ၉ | အသက်မွေးဝမ်းကျောင်း ပညာရပ်များ တတ်မြောက်မှုအားနည်းသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ပူးပေါင်း၍ အသက်မွေး ဝမ်းကျောင်းပညာ သင်တန်းများ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန် | |

| | | | | | |
|---|---|---|---|---|---|
| **အသိပညာ၊ ဗဟုသုတ တိုးတက်စေရေး** | စာကြည့်တိုက် ရရှိရေး | ၃၅ | ၁၀ | စာအုပ်စာပေကောင်းများ ဖတ်ရှုနိုင်ရန်အတွက် ကျေးရွာတွင် စာကြည့်တိုက်ဖွင့်လှစ်နိုင်ရေး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသို့ တင်ပြတောင်းခံရန် | |
| **အားကစား** | အားကစားကွင်း တည်ဆောက်ရန် | ၃၃ | ၁၁ | ကျေးရွာနေ လူငယ်များ ကျန်းမာကြံ့ခိုင်ရေးနှင့် အားကစားပြုလုပ်နိုင်ရန် အတွက်အားကစားကွင်းတည်ဆောက်နိုင်ရေးအတွက် ရပ်မိရပ်ဖများအား တင်ပြ၍ မြေနေရာရှာခြင်းနှင့် ကျေးရွာနေလူငယ်များ၏ လုပ်အားဖြင့် အားကစားကွင်းတည်ဆောက်ရန် | |

## (ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

ကျေးရွာလူထုမှ ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံချက်ကာလသတ်မှတ်ရာ၌ ကွင်းဆင်းဆောင်ရွက်ချက်များ အပေါ်အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| **စဉ်** | **စီမံကိန်း** | **ဦးစားပေး အဆင့်** | **ကာလ** | | | | | **မှတ်ချက်** |
|---|---|---|---|---|---|---|---|---|
| | | | **၂၀၁၈** | **၂၀၁၉** | **၂၀၂၀** | **၂၀၂၁** | **၂၀၂၂** | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ဦ | | | | | | | | |
| ၁ | ကျေးရွာမီးလင်းနိုင်ရေး(ဆိုလာ၊ ဒီဇယ်) | ၁ | ✔ | | | | | |
| ၂ | ကျေးရွာချင်းဆက်လမ်း | ၂ | | ✔ | | | | |
| ၃ | ကျန်းမာရေးဌာနခွဲ၊ ဝန်ထမ်းအိမ်ယာ | ၃ | | | ✔ | | | |
| ၄ | ရွာတွင်းလမ်း မြေနီခင်းခြင်း | ၄ | | | ✔ | | | |
| ၅ | ချောက်ကူးရေပြွန် | ၅ | | | | ✔ | | |
| ၆ | ပညာရေးကျောင်းဆောင်သစ်(၆၀'×၃၀') | ၆ | | | | ✔ | | |
| ၇ | စိုက်ပျိုးရေး မျိုးကောင်းမျိုးသန့်များ ရရှိရေးနှင့် အသိပညာပေး ဟောပြောခြင်း | ၇ | | | | | ✔ | |
| ၈ | တိရစ္ဆာန်ရောဂါကာကွယ်ဆေးထိုး နည်းသင်တန်းဖွင့်လှစ်ပေးခြင်း | ၈ | | | | | ✔ | |
| ၉ | အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးရန် | ၉ | | | | | ✔ | |
| ၁၀ | စာကြည့်တိုက် | ၁၀ | | | | ✔ | | |
| ၁၁ | အားကစားကွင်းရရှိရေး | ၁၁ | | | | | ✔ | |

**၁၇။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီး ဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခု

ချင်းစီအလိုက် အသေးစိတ်ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံချက်၏ ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော် ဆောင်ရွက်မည့်ပုံစံနှင့် အစီအစဉ်၊ စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကာလ၊ အခြေခံအဆောက်အဦကို ပြုပြင်ထိန်းသိမ်း မည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေးအစီအစဉ်များ ပါဝင်ပါသည်။

အချို့သောစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာအသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။ စီမံချက်များအကောင်အထည်ဖော် ဆောင်ရွက်ရန် ဦးစားပေးသတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေးရရှိနိုင်မှုအပေါ်အခြေခံ၍ နှစ်စဉ်ပြုပြင် ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေး အန္တရာယ်၊ အခြားအရေးပေါ်ကိစ္စရပ်များနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစား ပေးအစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက်အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များအတွက် ပြင်ဆင်ရမည်ဖြစ်ပါသည်။

အောက်ပါဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာအဖြစ် ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အဖွဲ့ အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာအကူအညီများ ရရှိနိုင်ရန်လည်းလိုအပ် ပါသည်။

ဖော်ပြထားသောရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ် သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ- လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံကိန်း | ရန်ပုံငွေ | သာမန်အသုံးစရိတ် | ရင်းနှီးငွေအမျိုးအစားခွဲခြားခြင်း<br>ငွေလုံးငွေရင်းအသုံးစရိတ်<br>ငွေလုံးငွေရင်း အသုံးစရိတ် | စွမ်းဆောင်ရည် မြှင့်တင်ရေး | လူသားချင်း စာနာမှု ဆိုင်ရာ ထောက်ပံ့မှု |
|---|---|---|---|---|---|---|
| ၁ | ကျေးရွာမီးလင်းနိုင်ရေး (ဆိုလာ၊ ဒီဇယ်) | | | ✔ | | |
| ၂ | ကျေးရွာချင်းဆက်လမ်း | | | ✔ | | |
| ၃ | ကျန်းမာရေးဌာနခွဲ၊ဝန်ထမ်းအိမ်ယာ | | | ✔ | | |
| ၄ | ရွာတွင်းလမ်း မြေနီခင်းခြင်း | ✔ | | | | |
| ၅ | ချောက်ကူးရေပြွန် | ✔ | | | | |
| ၆ | ပညာရေးကျောင်းဆောင်သစ် (၆၀'×၃၀') | | | ✔ | | |
| ၇ | စိုက်ပျိုးရေးမျိုးကောင်းမျိုးသန့်များ ရရှိရေးနှင့် အသိပညာပေး ဟောပြောခြင်း | | | | ✔ | |
| ၈ | တိရစ္ဆာန်ရောဂါကာကွယ်ဆေးထိုးနည်းသင်တန်း ဖွင့်လှစ်ပေးခြင်း | | | | ✔ | |
| ၉ | အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးရန် | | | | ✔ | |
| ၁၀ | စာကြည့်တိုက် | | | | ✔ | |

| | | |
|---|---|---|
| ၁၁ | အားကစားကွင်းရရှိရေး | ✔ |

**၁၈။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ - မိဘဆရာအသင်းသည် ကျေးရွာစာသင်ကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေခြင်း၊ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း၊ ရပ်မိရပ်ဖအဖွဲ့က သောက်သုံးရေ လွယ်ကူလုံလောက်စွာ ရရှိစေရန် ဆောင်ရွက်ခြင်းတို့ လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။

## (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့များကိုလည်းရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာအလယ်တန်းကျောင်း၏ ပညာရေးသင်ကြားမှုအရည်အသွေးတိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာ ကုန်ထုတ်လုပ်ငန်း အထောက်အကူပြု လမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ကျေးလက်လမ်းဦးစီးဌာန၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့နှင့် ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူပါမည်။

ရပ်မိရပ်ဖအဖွဲ့မှလည်းသောက်သုံးရေလွယ်ကူလုံလောက်စွာရရှိရန်အတွက်မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ နည်းပညာအကူအညီများ ရယူပါမည်။

## (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ကြရမည့် ကိစ္စများကိုလည်း တွေ့ကြရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါသည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေးနည်းပညာဆိုင်ရာနှင့်စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့ အစည်းများ၊ဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထု အဖွဲ့အစည်းများ)

ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးအပ်ထားသောအဖွဲ့၏တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိရမည်။ ဥပမာအားဖြင့် ရေပေးရေးလုပ်ငန်းအတွက် ရေမီတာတပ်ဆင်၍ရေသုံးစွဲသော ယူနစ်ပေါ်မူတည်၍ အခကြေးငွေကောက်ခံခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။ အခကြေးငွေကောက်ခံရန်အတွက် ရေကော်မတီဖွဲ့စည်းထားရှိမည်ဖြစ်ပြီး ရရှိသောအခကြေးငွေများကို ဘဏ်တွင်ကျေးရွာဖွံ့ဖြိုးရေးစာရင်းရှင်ဖွင့်၍ သိမ်းဆည်းထားမည်ဖြစ်ပါသည်။ အဆိုပါငွေများဖြင့် ဒီဇယ်ဆီဝယ်ယူခြင်း၊ စက်ချို့ယွင်းပါက ပြုပြင်ခြင်းနှင့်အခြားပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**၁၉။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း**

ဘန့်ပြင်ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါသည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။သို့မှသာရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါမည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်း

များ အိမ်ထောင်စုများတက်ကြွစွာပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ပါမည်။ဤသို့ ဆောင်ရွက်ရန်သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

## (က) ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical Progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံချက်လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီးတို့က မိမိတို့တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်အခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်းများ ဖြစ်ပါမည်။ (၃)လပတ်ကုန်ဆုံးချိန်တွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကဦးဆောင်ပါမည်။ (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical Progress)

- စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ၊

– အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊

– ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)

– ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလ လျာထား ချက်နှင့် နှိုင်းယှဉ်၍)

– (၃)လပတ်ကုန်တွင်ရှိသော ငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊

– ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊

– ငွေကြေးစုဆောင်းပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။

**(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ပွဲ**

စီမံကိန်းကာလ နှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်စုံမှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည်သုံးသပ်ဆွေးနွေး

ပွဲ၏ ရည်ရွယ်ချက်မှာ ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးရန်ဖြစ်ပါသည်။ ဖိတ်ကြားဖွဲ့စည်းမည့် အဖွဲ့အစည်းများမှာ

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊
- ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းနှင့် သက်ဆိုင်သော မြို့နယ်ဦးစီးဌာနများ၊
- သတင်းမီဒီယာများ၊
- ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ (ဥပမာ–မြို့နယ်အတွင်းရှိ NGO အဖွဲ့များ) စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲတွင် ကျေးရွာ၏ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့်ကျေးရွာ၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

## (ဂ) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် ကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်ပါသည်။

နောက်ဆက်တွဲဇယား-၁

## ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

### (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၄ | ၃ | ၇ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၄ | ၁၀ | ၁၄ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၆ | ၁၇ | ၃၃ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၂၆ | ၃၃ | ၅၉ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၃၆ | ၂၈၁ | ၅၁၇ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၂၇ | ၃၂ | ၅၉ |
| **စုစုပေါင်း** | | **၃၁၃** | **၃၇၆** | **၆၈၉** |
| **စုစုပေါင်း အိမ်ထောင်စု** | | | | **၁၆၇** |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ဘန့်ပြင်ကျေးရွာသည်အိမ်ထောင်စုပေါင်း(၁၆၇)အိမ်၊အမျိုးသား(၃၁၃)ဦး၊ အမျိုးသမီး (၃၇၃)ဦး စုစုပေါင်းလူဦးရေ(၆၈၉)ဦးရှိပြီး တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှ ၅ဦးထက် လျော့နည်းသည်။ကျေးရွာလူဦးရေ၏ (၃) ရာခိုင်နှုန်း သည် မွေးကင်းစမှ ၅-နှစ်အရွယ် ကလေးငယ်များဖြစ်ပြီး၊ ကျောင်းနေအရွယ် ကလေးဦးရေ(၁၂%)၊ သက်ကြီးရွယ်အိုဦးရေ(၉%)နှင့် (၁၅-နှစ်မှ ၆၄-နှစ်)အတွင်း အလုပ်လုပ်နိုင်သောအရွယ်ရှိ လူဦးရေ (၇၆%)ရှိပါသည်။ အလုပ်လုပ်နိုင်သော အရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ၂.၅မျှပိုများသည်။ ကျေးရွာအိမ်ထောင်စု အားလုံးမှာ ဗမာလူမျိုးများဖြစ်ပြီး ဗုဒ္ဓဘာသာ ကိုးကွယ် ကြသူများဖြစ်ပါသည်။

## (၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

### (၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၆၁၆.၄၁ | သင့် | ရ | ချောင်းရေ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| ယာမြေ | ၃၇၆ | သင့် | ရ | ချောင်းရေ |
| ဥယျာဉ်ခြံမြေ | ၉ | သင့် | | |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| ကိုင်း/ကျွန်းမြေ | ၉၀ | ကောင်း | ရ | |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| သစ်တောမြေ | | | | |
| **စုစုပေါင်း** | ၁၀၉၁.၄၁ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

**မှတ်ချက်**။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)**။ ။ ကျေးရွာတွင် စပါးနှင့် နှမ်း၊ ပဲတီစိမ်း၊ ပဲကြီး၊ ကုလားပဲကို အဓိကထား စိုက်ပျိုးကြပြီး စိုက်ပျိုးမြေဧက ပိုင်ဆိုင်မှုအဖြစ် လယ်မြေ (၆၁၆.၄၁)ဧက၊ ယာမြေ(၃၇၆)ဧက၊ ဥယျာဉ်ခြံမြေ (၉)ဧကနှင့် ကိုင်း၊ ကျွန်းမြေ(၉၀)ဧကရှိပြီး ကျေးရွာရှိစုစုပေါင်းစိုက်ဧက(၁၀၉၁.၄၁)ရှိပါသည်။ချောင်းနှင့်နီးသောလယ်ကွင်းများမှာ ရေပြတ်ချိန်တွင် ရေတင်စနစ်ဖြစ် စိုက်ပျိုးကြပြီး ချောင်းရေမရသည့် လယ်ယာများမှာ ကောင်းကင်ကျမိုးရေကိုသာ အမှီပြု စိုက်ပျိုးကြရပါသည်။

## (၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| **အမျိုးအစား** | **ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)** | **အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)** |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | နည်းပါသည်။ | လက်လှမ်းမမှီ |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တုကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | မရှိ | ခက်ခဲပါသည်။ |
| **အခြားသဘာဝအရင်းအမြစ်** | | |
| တိရစ္ဆာန်မျိုးစိတ်များ | နည်းပါသည်။ | ခက်ခဲပါသည်။ |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | အသင့်အတင့်ရှိပါသည်။ | လွယ်ကူပါသည်။ |
| ပျှမ်းမျှအပူချိန် - ၃၃°C | ပျှမ်းမျှ မိုးရေချိန် - ၃၀ လက်မ | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။** ။သဘာဝတိရစ္ဆာန်မျိုးစိတ်များအဖြစ် ကြက်၊ ဝက်နှင့် နွားများသာရှိပြီး အခြားရှားပါး တိရစ္ဆာန်မျိုးစိတ်များအဖြစ် ယုန်၊ဘွတ်၊ ပုတပ်၊ လင်းယုန်၊ တောကြောင်၊ ဂျီတို့ တခါတရံ တွေ့ရှိရပါသည်။ အပင်မျိုးစိတ်များဖြစ်သော ဂုန်ခါး၊ ဆင်တုတ်မနွယ်၊ ကြောင်လျှာပင်၊ ဆီဖြူသီးပင်၊ ဒန်တလွန်သီးပင်စသည့်အပင်များ အသင့်အတင့် ပေါက်ပါသည်။

## (၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| **စဉ်** | **အဖွဲ့အစည်း အမည်** | **အမျိုးအစား** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | **လုပ်ငန်းတာဝန်** (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | **အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်း လင်းဖော်ပြချက်** |
|---|---|---|---|---|
| ၁ | အုပ်ချုပ်ရေး | ၁✔ ၂☐ ၃☐ | ပညာရေး ✔ ငွေကြေး ☐<br>ကျန်းမာရေး ✔ ဘာသာရေး ✔ | အဖွဲ့အစည်းလုံးညီညွတ်မှု အသင့်အတင့်လောက်သာရှိပါ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်း လင်းဖော်ပြချက် |
|---|---|---|---|---|
| | | | စိုက်ပျိုးမွေးမြူရေး ✔<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | သည်။ |
| ၂ | ကျောင်းအကျိုးတော်ဆောင် | ၁☐ ၂✔ ၃☐ | ပညာရေး ☐ ငွေကြေး ✔<br>ကျန်းမာရေး ☐ ဘာသာရေး ✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | စည်းလုံးညီညွတ်မှု ရှိကြပါသည်။<br>ဆက်ဆံရေးပြေပြစ် |
| ၃ | ကျေးရွာဂေါပက အဖွဲ့ | ၁☐ ၂☐ ၃✔ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ခိုင်မာတောင့်တင်းမှုရှိပါသည်။<br>စည်းလုံးမှု အားကောင်းပါသည်။<br>ယုံကြည်စိတ်ချရပါသည်။ |
| ၄ | လူငယ်အဖွဲ့ | ၁☐ ၂✔ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး ✔ | စည်းလုံးညီညွတ်မှု ရှိကြပါသည်။<br>ဆက်ဆံရေးပြေပြစ်<br>ယုံကြည်စိတ်ချရပါသည်။ |
| ၅ | သမအဖွဲ့ | ၁✔ ၂☐ ၃☐ | ပညာရေး ☐ ငွေကြေး ✔<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ခိုင်မာတောင့်တင်းမှုရှိပါသည်။<br>စည်းလုံးမှု အားကောင်းပါသည်။<br>ယုံကြည်စိတ်ချရပါသည်။ |
| ၆ | မိဘဆရာအသင်း | ၁☐ ၂✔ ၃☐ | ပညာရေး ✔ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ခိုင်မာတောင့်တင်းမှုရှိပါသည်။<br>စည်းလုံးမှု အားကောင်းပါသည်။<br>ယုံကြည်စိတ်ချရပါသည်။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။
(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။
(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။** ။ ကျေးရွာအတွင်း လူထုအခြေပြုအဖွဲ့အစည်းများမှာ - ဘာသာရေးအသင်းအဖွဲ့များအဖြစ် ကျေးရွာဂေါပကအဖွဲ့၊ ပညာရေးကဏ္ဍတွင် မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်၊ လူမှုရေးအဖွဲ့အစည်းများအဖြစ် လူငယ်အဖွဲ့၊ အမျိုးသမီးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ နာရေးကူညီမှု အသင်းနှင့် အရန်မီးသတ်အဖွဲ့တို့ ဖွဲ့စည်းထားရှိပါသည်။အဆိုပါအဖွဲ့အစည်းများတွင် ကျေးရွာနေ လူကြီး/လူငယ်၊ အမျိုးသား/အမျိုးသမီး များ အစုံအလင်ပူးပေါင်းပါဝင်မှုရှိအောင် ဖွဲ့စည်းဆောင်ရွက်ထားခြင်းဖြစ်ပါသည်။

## (၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

| **အကြောင်း အရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည်သောအိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | (၅)ကေမှ(၁၂.၅)ကေ | ၂.၅ကေမှ ၅ကေ | ၂.၅ကေအောက် | မရှိ |
| အိမ်အခြေအနေ | ကောင်း | ကောင်း | သင့် | ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ဆန်ကြိတ်စက်၊ ပဲခွဲစက်၊ ဆီစက်၊ | ဆီစက်၊ ဈေးဆိုင် | - | - |
| အဓိကစီးပွားရေး လုပ်ငန်း | စိုက်ပျိုးရေး | စိုက်ပျိုးရေး | လက်လုပ်လက်စား စာရင်းငှား များ | ကျပန်း |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| အိမ်ထောင်စု | ၃၅ | ၂၉ | ၅၈ | ၆၉ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။** ။ အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထား မှာ သာမန်အားဖြင့် အသင့်အတင့်ရှိပါသည်။ ဆင်းရဲချမ်းသာအဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၁.၁%သည် ဆင်းရဲကြခြင်းနှင့် အလွန်ဆင်းရဲအိမ်ထောင်စုအဆင့်ရှိကြပြီး ၅၉%သည် ချမ်းသာသည့်အဆင့်၊ ၃၀%သည် အလယ်အလတ်အဆင့် ရှိကြသည်ဟုသတ်မှတ်ကြသည်။ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊လက်လုမ်းမီမှု၊ လယ်ယာသုံး စက်ကရိယာများ ပိုင်ဆိုင်ကြမှုကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့်ကောင်းသည်ဟုပြောနိုင်သည်။ ချမ်းသာသော လယ်သမား အိမ်ထောင်စုများအပြင် အခြားလယ်သမားအိမ်ထောင်စုအချို့မှာလည်း ဆန်ကြိတ်စက်၊ ပဲခွဲစက်၊ ဆီစက်၊ ဝါကြိတ်စက်များတွင်လည်း ပါဝင်ဆောင်ရွက်ကြသည်။ အချို့အိမ်ထောင်စုများမှာ ငွေချေးသော အိမ်ထောင်စုနှင့်အစိုးရဝန်ထမ်းရှိသည့် အိမ်ထောင်စုများ အသင့်အတင့်ရှိကြသဖြင့် အဆင်ပြေမှုရှိကြပါသည်။

## (၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၇ | ၄.၂ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက်(၁ ဟတ် တာထိ) | ၃၂ | ၁၉.၂ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ) | ၁၀၁ | ၆၀.၅ | တောင်သူငယ် |

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၄ | ၅ကေမှ၁၂.၅ကေကြား ( ၅ဟတ်တာထိ) | ၂၇ | ၁၆.၁၆% | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ကေအထက် (၅ဟတ်တာနှင့် အထက်) | | | တောင်သူကြီး |
| | **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။** ။ ဘန့်ပြင်ကျေးရွာတွင် နေထိုင်သည့် အိမ်ထောင်စုအများစုမှာတောင်သူများဖြစ်ပြီး စိုက်ပျိုးမြေ(၅)ကေမှ(၁၂.၅)ကေအတွင်း ပိုင်ဆိုင်သူ အလယ်အလတ်အဆင့်ရှိ အိမ်ထောင်စု (၂၇)စု ရာခိုင်နှုန်း( ၁၆.၁၆% )၊ ၂.၅ကေမှ ၅ကေထိ မြေယာပိုင်ဆိုင်သည့်တောင်သူငယ် အိမ်ထောင်စုများမှာ (၁၀၁)စု ရာခိုင်နှုန်း(၆၀.၅%)၊ မြေပိုင်ဆိုင်မှုအနည်းငယ်သာရှိသည့် တောင်သူအိမ်ထောင်စု(၃၂)စု ရာခိုင်နှုန်း(၁၉.၂%)နှင့် မြေယာမဲ့ လက်လုပ် လက်စားအိမ်ထောင်စု (၇)စု ရာခိုင်နှုန်း (၄.၂%) ခန့် ရှိပါသည်။

## (၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစု ပေါင်း စိုက် ကေ | တစ်ကေ အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | |
| စပါး | ၆၁၆.၄၁ | တင်း | ၄၀ | ၇၀ | ၆၀ | ရာသီအလိုက် မိုးလေဝသ မှန်ကန်မှုရှိပါက |

| သီးနှံ | စုစု ပေါင်း စိုက် ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | |
| | | | | | | အကျိုးအမြတ်ရရှိမှုများ ရှိပါသည်။ |
| နှမ်း | ၆၆ | တင်း | ၈ | ၁၀ | ၉ | ။ |
| ပဲကြီး | ၆၀ | တင်း | ၁၅ | ၂၀ | ၁၈ | ။ |
| ဝါ | ၆၂ | ပိဿာ | ၈၀ | ၁၂၀ | ၁၀၀ | ။ |
| မြေပဲ | ၆၄ | တင်း | ၂၀ | ၃၀ | ၂၅ | ။ |
| ကုလားပဲ | ၅၉ | တင်း | ၁၅ | ၁၈ | ၁၇ | ။ |
| ပဲတီစိမ်း | ၆၅ | တင်း | ၁၈ | ၂၀ | ၁၉ | ။ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အဓိကစိုက်ပျိုးသီးနှံမှာ စပါးနှင့်နှမ်း၊ ပဲတီစိမ်း၊ ပဲကြီး၊ ကုလားပဲကို အဓိကထားစိုက် ပျိုးကြသည်။ မိုးစပါးစိုက်ဧက(၆၁၆.၄၁)ဧကစိုက်ပျိုးကြပါသည်။ မိုးစပါး တစ်ဧက ပျမ်းမျှ အထွက်နှုန်းမှာ (၆၀)တင်း၊ ကုလားပဲ(၁၇)တင်း၊ ပဲကြီး(၁၈)တင်း၊ ပဲတီစိမ်း(၁၉)တင်း၊ နှမ်း(၉) တင်းတို့ထွက်ရှိကြသည်။ တောင်သူလယ်သမားများအတွက် စားဝတ်နေရေး ဖူလုံမှုရှိပါသည်။တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမား မလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မားကြသည်။ အချို့တောင်သူများမှာ အလုပ်သမားရှားပါး မှုနှင့်ကုန်ကျစရိတ်မြင့်တက်မှုတို့ကို ကျော်လွှားနိုင်ရန် စပါးစိုက်ရာတွင် ကြဲပက်စနစ်ကို ကျင့်သုံးတတ်ကြသည်။ တောင်သူများသည် တစ်ခါတစ်ရံမိုးရွာသွန်းမှု မညီမျှခြင်းတို့ကို ရင်ဆိုင်ကြရသည်။ ပဲကြီးနှင့် ကုလားပဲစိုက်ခင်းများတွင်ဖျက်ပိုးကျရောက်မှုကို ပိုမိုတွေ့ရပြီး ယင်းဖျက်ပိုးများသည် ပိုးသတ်ဆေးတစ်ချို့ကိုခံနိုင်စွမ်းရှိကြသဖြင့်တောင်သူများအနေနှင့် ထိရောက်သော ဖျက်စီးနှိမ်နှင်းရေးစနစ်ကိုလိုလား နေကြ

သည်။

## (၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၁၀၇ | ၂၅၀ |
| နို့စားနွား | | |
| ကျွဲ | | |
| မြင်း | | |
| မြည်း | | |
| လား | | |
| ဆိတ် | | |
| သိုး | | |
| ဝက် | ၅၀ | ၇၆ |
| ကြက် | ၁၁၄ | ၉၅၃ |
| ဘဲ | | |
| နွားနောက် | | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | | |
| ပုစွန်ကန် | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်း မွေးမြူသည့် တိရစ္ဆာန်များမှာ နွား၊ ဝက်၊ ကြက် တို့ မွေးမြူကြပါသည်။ နွားမွေးမြူသည့် အိမ်ထောင်စုမှာ (၁၀၇)အိမ်ဖြစ်ပြီး အကောင်ရေ (၂၅၀)ကောင်၊ ဝက်မွေးမြူသည့် အိမ်ထောင်စုမှာ(၅၀)အိမ်ဖြစ်ပြီး အကောင်ရေ(၇၆)ကောင်နှင့် ကြက်မွေးမြူ သည့် အိမ်ထောင်စုမှာ (၁၁၄)အိမ်ဖြစ်ပြီး အကောင်ရေ (၉၅၃)ကောင် ၊ ကျေးရွာတွင်း မွေးမြူရေး လုပ်ကိုင်သည့် အိမ်ထောင်စုနည်းပါးကြပြီး စီးပွားဖြစ်မဟုတ်ဘဲ မိသားစုတစ်ပိုင်တစ်နိုင် မွေးမြူကြခြင်းဖြစ်ပါသည်။ ကျေးရွာတွင် ငါးမွေးမြူရေး ဆောင်ရွက်ရန် မြေနေရာမပြေသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများ မရှိ ခြင်းဖြစ်ပါသည်။

## (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစု ဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | ၁ | ၁ | | |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | | | | |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | ၂ | ၂ | | |

| | | | | | |
|---|---|---|---|---|---|
| ၇ | လက်လီ-လက်ကား ရောင်းဝယ်ရေး | | | | |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | | | | |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် ၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပညာရေး | ၈ | ၈ | | |
| ၁၃ | ကျန်းမာရေး | ၂ | ၂ | | |
| ၁၄ | လူမှုရေး လုပ်ငန်းများ | | | | |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှ အပ) | ၇ | ၁၅ | ၅ | |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ | | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အခြားဝင်ငွေရလုပ်ငန်းများဖြစ်သော နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ အစိုးရဝန်ထမ်းလုပ်ငန်းတို့ဖြစ်ကြသည်။ အခြားလုပ်ငန်း အများစုမှာ ရာသီဥတု၏လုပ်ငန်းအမျိုးအစားအလိုက်တွက်ခြေကိုက်မှုအနည်းအပါးမှ အသင့်အတင့် အနေအထားတွင်ရှိသည်။ အခြားကိုယ်ပိုင်လုပ်ငန်းဖြစ်သော စပါးကြိတ်စက်၊ ဆီကြိတ်စက်လုပ်ငန်း တို့လည်း လုပ်ကိုင်ကြပါသည်။ လက်လုပ်လက်စားအလုပ်များမှာစိုက်ပျိုးရာသီများတွင်သာ အလုပ် အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်မမှန်ခြင်းကြောင့် ဝင်ငွေရနည်းပါးပါသည်။

## (၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

### (၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | **အနီးဆုံးဈေး**<br>(အနီးဆုံး <u>တစ်ခုကိုသာ</u>ဖော်ပြပါရန်) | **အကြီးစားဈေးကွက်**<br>(အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်) |
|---|---|---|
| ဈေးအမည် (မြို့/ ရွာ) | သရက်မြို့မဈေးကြီး | သရက်မြို့မဈေးကြီး |
| ရွာမှအကွာအဝေး (မိုင်)<br>(အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☐<br>၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐<br>၁၅ မိုင် အထက် ✔ | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ✔<br>၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐<br>၅၁ မှ ၁၀၀ ☐ ၁၀၀မိုင်အထက်☐ |
| သယ်ယူပို့ဆောင်ရေး နည်းလမ်း | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ်✔<br>ကား/ထော်လာဂျီ ✔ ရထား ☐<br>သုံးဘီးဆိုင်ကယ် ☐ လှေ ☐<br>စက်လှေ ☐ | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ✔<br>ကား/ထော်လာဂျီ ✔ ရထား ☐<br>သုံးဘီးဆိုင်ကယ် ☐ လှေ ☐<br>စက်လှေ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ အဓိကထွက်ကုန်များကို သရက်မြို့ ဈေးကွက်သို့ ပို့ဆောင်ရောင်းချပါသည်။ ကျေးရွာမှ သရက်မြို့သို့ အကွာအဝေးမှာ (၁၇)မိုင် ခန့်ရှိပြီး ကား/ ထော်လာဂျီ/ ဆိုင်ကယ် တို့ဖြင့်သယ်ယူပို့ဆောင်ခြင်းဖြစ်ပါသည်။

## (၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁ ✔ ၂☐ ၃☐<br>၄☐ ၅☐ | ကောင်း ✔ သင့် ☐ ညံ့ ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး☐ | ၀-၁ မိုင် ✔<br>၁-၅ မိုင် ☐<br>၅-၁၀ မိုင် ☐<br>၁၀မိုင်အထက်☐ |
| ချဉ်းကပ်လမ်း | ၁ ✔ ၂☐<br>၃☐ ၄☐ ၅☐ | ကောင်း ☐ သင့် ☐ ညံ့ ✔ | ပွင့်လင်း ရာသီ Â<br>တစ်နှစ်ပတ်လုံး☐ | ၀-၁ မိုင် ☐<br>၁-၅ မိုင် ✔ |

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| | | | | ၅–၁၀ မိုင် ☐<br>၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁ ✓ ၂☐<br>၃☐ ၄☐ ၅☐ | ကောင်း☐ သင့် ✓ ညံ့ ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင် ✔<br>၁–၅ မိုင် ☐<br>၅–၁၀ မိုင် ☐<br>၁၀မိုင်အထက်☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅

**လေ့လာတွေ့ရှိချက်။** ။ ဘန့်ပြင်ကျေးရွာသည် သရက်-မင်းတုန်းကားလမ်းမကြီးအတိုင်း (၁၂)မိုင် ကွာဝေးသော မကျီးပင်ပု-ရွှေပန်းကိုင်းလမ်း ကျေးရွာချင်းဆက်လမ်းမပေါ်မှ ကျေးရွာသို့(၂မိုင်၅ ဖာလုံ) ဝင်ရပါသည်။ကျေးရွာတွင်းလမ်းများမှ မြေသားလမ်း အဆင့်သာရှိပြီး မိုးရွာသီတွင် ရွှံ့ဘွက်များဖြစ်ပေါ်ပြီး ပွင့်လင်းရွာသီ၌သာသွားလာရလွယ်ကူပါသည်။ ကျေးရွာ၏အရှေ့ ဘက်တွင် ရှိသော တောမြင်ဘာ-ရွာသစ်-ဘန့်ပြင်ကျေးရွာချင်းဆက်လမ်း မြေသားလမ်း တစ်လမ်းလည်းရှိပါ သည်။အဆိုပါလမ်းမှာ ပွန်းချောင်းအား နှစ်ကြိမ်ဖြတ်သန်းသွားလာခြင်း၊ မိုးတွင်းကာလတွင် သွားလာ၍မရခြင်းကြောင့် ပွင့်လင်းရာသီမှသာ သွားလာကြပါသည်။ ထိုလမ်းမှာ (၃)မိုင် ဝေးပြီး သရက်-မင်းလှလမ်းမကြီးရောက်ရှိကာ သရက်မြို့သို့ (၁၄)မိုင်ခန့် ကွာဝေးပါသည်။

## (၅. ၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | Nearest town အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐ | ပွင့်လင်းရာသီ ✓ တစ်နှစ်ပတ်လုံး ☐ |

| သယ်ယူပို့ဆောင်ရေး | Nearest town အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| | ၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ✓ | |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ✓ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ✓ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာသည် ကုန်းတွင်းပိုင်းကျေးရွာဖြစ်သည့်အတွက် ရေလမ်းခရီးအား အသုံးပြုသွားလာခြင်းမရှိပါ။ ကားဖြင့်သာ သွားလာကြပါသည်။

## (၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | - | - | ၃၂ | ၉၄ | - | ၁ | ၂ | - | ၁၁၉ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအတွင်း နေထိုင်သည့် အိမ်ထောင်စုများ၏ သယ်ယူပို့ဆောင်ရေးယာဉ်များ ပိုင်ဆိုင်မှုအနေဖြင့် ဆိုင်ကယ်(၉၄)စီး၊ စက်ဘီး (၃၂)စီး၊ ကား (၂)စီး၊ ထော်လာဂျီနှင့် နွားလှည်း (၁၁၉)စီး ပိုင်ဆိုင်ကြပါသည်။

## (၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု |
| --- | --- |
| မဟာဓာတ်အားလိုင်း | |
| ဆိုလာစနစ် | ၁၅ |
| အသေးစားရေအားလျှပ်စစ် | |
| ဒီဇယ်သုံးအင်ဂျင် | ၁၅၆ |
| လေစွမ်းအင် | |
| ဇီဝလောင်စာ | |
| အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | ၆ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအတွင်း နေထိုင်သည့် အိမ်ထောင်စု(၁၆၇)စုအနက် ( ၁၅၆) အိမ်မှာ ပုဂ္ဂလိကပိုင် ဒီဇယ်အင်ဂျင်မီးစက်မှ (၇:၀၀)မှ(၉:၀၀)ထိတစ်လ(၃၀၀၀)ဖြင့်မီးရယူ သုံးစွဲကြပြီး တစ်အိမ်သုံးဆိုလာမီးအသုံးပြုသည့်အိမ်ထောင်စုများမှာ(၁၅)၊ ကျန်(၆)အိမ်မှာ ဖယောင်းတိုင်မီးကိုသာ အသုံးပြုကြပါသည်။

## (၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
| --- | --- | --- | --- |
| **အရေအတွက်** | ၂၅၁ | ၄၀ | ၉၃ |

ရင်းမြစ်… အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာနေအိမ်ထောင်စုအများစုမှာ တယ်လီဖုန်းများ ပိုင်ဆိုင်ကြပြီး ဖုန်း(၂၅၁) လုံး၊ရေဒီယို (၄၀)လုံးနှင့် တီဗွီ (၉၃)လုံး ပိုင်ဆိုင်ကြခြင်းကြောင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးအခြေအနေအတန်အသင့် ကောင်းမွန်ပါသည်။ မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများ၊လက်လှမ်းမီအသုံးပြုနိုင်ပါသည်။ အင်တာနက်မှ သတင်းအချက်အလက်များ၊ ပညာရေး၊ စီပွားရေး၊ စိုက်ပျိုးရေးစသည့်လေ့လာအသုံး ပြုမှုရရှိသည့်အတွက် ကျေးရွာနေပြည်သူများ ဗဟုသုတ တိုးပွားလာပါသည်။

## (၆) ပညာရေး

### (၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၂၇ | ၃၀ | ၅၇ |
| အလယ်တန်း | ၁၄ | ၁၃ | ၂၇ |
| အထက်တန်း | ၈ | ၁၅ | ၂၃ |
| တက္ကသိုလ်/ကောလိပ် | ၁ | ၈ | ၉ |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေသူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၎င်းအပြင် **"ဘုန်းကြီးကျောင်းသင်ပညာရေး"** ကို သင်ယူဆည်းပူးနေသော ကျောင်းသူ/သားများကို **အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့်သတ်မှတ်ချက်များနှင့်**အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ စာသင်ကျောင်းမှာအလယ်တန်းကျောင်းဖြစ်ပါသည်။ လက်ရှိအတန်း တက်ရောက်သင်ယူနေသူဦးရေမှာ မူလတန်းတွင် စုစုပေါင်းကျောင်းသား/သူ (၅၇)ဦး၊ အလယ်တန်းတွင် စုစုပေါင်းကျောင်းသား/သူ (၂၇)ဦး၊ ကျေးရွာမှ မြို့သို့ အထက်တန်းသွားရောက်သင်ယူနေသောကျောင်းသား/သူစုစုပေါင်း(၂၃)ဦးရှိပြီး တက္ကသိုလ်/ ကောလိပ် တက်ရောက်နေသော

ကျောင်းသား/သူများ (၉)ဦး တို့သည် အသီးသီးပညာများ လေ့လာဆည်းပူးကြပါသည်။

## (၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ✓<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ✓ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ |
| **ခ။** ရွာမှ အကွာအဝေး (မိုင်) | ဝ မှ ၁ မိုင် ✓<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ဝ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ✓<br>၂၀ မိုင် အထက် ☐ | ဝ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ |
| **ဂ။** သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ✓<br>စက်ဘီး ✓<br>ဆိုင်ကယ် ☐<br>ကား ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ✓<br>ကား ✓ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ |
| **ဃ။** စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)* | | | |
| **င။** အမိုး၊ နံရံ၊ အခင်း အရည်အသွေး | ကောင်း☐ သင့်✓ ညံ့☐ | ကောင်း☐ သင့်☐ ညံ့☐ | ကောင်း☐ သင့်☐ ညံ့☐ |
| **စ။** ကျောင်းသုံး ပရိဘောဂ လုံလောက်မှု | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ✓ | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ |
| **ဆ။** ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐ သင့် ✓<br>ညံ့ ☐ မရှိ ☐ | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ |
| **ဇ။** ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည်✓<br>တိုက်ကျွေးမှု မရှိပါ ☐ | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ |

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| **၉။** ကျောင်းဆရာ/မ ဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | ၂ | ၆ | ၈ | | | | | | |
| ကျေးရွာခန့် | | | | | | | | | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**မှတ်ချက်။** ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ **ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို** ဆိုလိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိ အလယ်တန်းကျောင်းသား/သူ စုစုပေါင်း (၈၄)ဦးရှိပါသည်။ မူလတန်း နှင့် အလယ်တန်းကို ပေ ၆ဝ×ပေ၃ဝအရွယ်ရှိသွပ်မိုး၊ အုတ်နံရံကာနှင့် အင်္ဂတေအခင်း ကျောင်းဆောင် ၂ ဆောင်နှင့် ပေ ၆ဝ× ပေ၃ဝ ပျဉ်ခင်း၊ ပျဉ်ကာ၊သွပ်မိုးအဆောင် (၁)ဆောင် တို့တွင် သင်ကြားလျှက်ရှိပြီးကျောင်းဆောင်များ၏အသင့်အတင့်မှာကောင်းမွန်လျှက်ရှိပါသည်။ ကျောင်းသုံး ပရိဘောဂပစ္စည်းများပြည့်ပြည့်စုံစုံ လုံလုံလောက်လောက်မရှိပါ။ကျောင်းတွင် ကျောင်းသား/သူ အင်အားအချိုးနှင့်ဆရာ/မအင်အားနှိုင်းယှဉ်လျှင် ဆရာ/မ အင်အားမှာနည်းပါးနေ ကြောင်းတွေ့ရှိရ ပါသည်။

## (၇) ကျန်းမာရေး

### (၇.၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါများ

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့်☐ | နိမ့်✓ | မရှိ☐ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်☐ | နိမ့်✓ | မရှိ☐ |
| ၃ | ငှက်ဖျား | မြင့်☐ | နိမ့်✓ | မရှိ☐ |
| ၄ | အသက်ရှုလမ်းကြောင်း ကူးစက်ရောဂါ | မြင့်☐ | နိမ့်☐ | မရှိ✓ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ✓ |

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၆ | တီဘီ | မြင့်☐ | နိမ့်✓ | မရှိ☐ |
| ၇ | ဆီးချို | မြင့်☐ | နိမ့်✓ | မရှိ☐ |
| ၈ | သွေးတိုး | မြင့်☐ | နိမ့်✓ | မရှိ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်☐ | နိမ့်☐ | မရှိ✓ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐ | နိမ့်☐ | မရှိ✓ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ✓ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းရှိပါသည်။ ကျေးရွာသူ ကျေးရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှုတို့နှင့် လက်လှမ်းမီမှုရှိပါသည်။ ကျေးရွာတွင်တခါတရံအဖြစ်များသော ရောဂါများဖြစ်သော ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုတ်ကွေးရောဂါ၊ ငှက်ဖျားရောဂါတို့ဖြစ်ပွားကြပြီး အနည်းအကျင်းတွေ့ရသော ရောဂါများအနေဖြင့် တီဘီရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါတို့ဖြစ်ပွားမှုအားတွေ့ရပါသည်။ အခြား HIV/ AIDS ခုခံအားကျဆင်းသည့်ရောဂါများ ဖြစ်ပွားမှု လုံးဝမရှိပါ။

## (၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | **ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | ✓ | |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✓ | |
| ၃ | ပိုလီယိုရောဂါ | ✓ | |

| စဉ် | **ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်) | **ရှိ** | **မရှိ** |
|---|---|---|---|
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✓ | |
| ၅ | ဝက်သက်ရောဂါ | ✓ | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | ✓ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | ✓ | |
| ၈ | အာဟာရ ပညာပေး အစီအစဉ် | ✓ | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် လွန်ခဲ့သော (၁၂)လအတွင်း ဆုံဆို့ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင်အသားဝါရောဂါ၊ ပိုလီယိုရောဂါ၊ ဝက်သက်ရောဂါ ဆင်ခြေထောက် ရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ စသည့် ရောဂါများအတွက် ကာကွယ်ဆေးနှင့် အခြား စုပေါင်းကာကွယ်ဆေးထိုးနှံမှုများ ဆောင်ရွက်ခဲ့ခြင်းနှင့် အဟာရပညာပေး အစီအစဉ်များလည်း ဆောင်ရွက်ခဲ့ပါသည်။

**(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)**

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| **ကျန်းမာရေး ဝန်ဆောင်မှု** | **ခရီး အကွာအဝေး (မိုင်)** | **အခန်း/ကုတင် လုံလောက်မှု** |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ✓<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ✓<br>မရှိ ☐ |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐ | ရှိ ☐<br>မရှိ ☐ |

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| | ၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ✓ | ရှိ ✓<br>မရှိ ☐ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ဘန့်ပြင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိပါသည်။ ကျေးရွာတွင် ဖြစ်လေ့ရှိသောအဖျားရောဂါများအတွက် ကျေးရွာတွင် ဆေးကုသမှုခံယူကြပြီး ဆေးပေးခန်း မှ ရောဂါကာကွယ်ဆေးများကိုလည်း သောက်ဆေး၊ ထိုးဆေးများဖြင့် ကြိုတင်ကာကွယ်ပေး လျှက်ရှိပါသည်။ထို့အပြင် (၁၇)မိုင်ခန့် ကွာဝေးသော သရက်မြို့ရှိ ခရိုင်ဆေးရုံကြီးသို့ သွား ရောက်ဆေးကုသမှု ခံယူကြရပါသည်။

## (၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၇.၄. ၁) သောက်သုံးရေ ရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (မိုး၊ဆောင်း၊ နွေ) |
|---|---|---|---|
| ရေတွင်း | ၉၇ | ကောင်း☐ သင့် ✓ ညံ့☐ | မိုး/ဆောင်း |
| အဝီစိတွင်း/ စက်တပ် | | ကောင်း☐ သင့်☐ ညံ့☐ | |

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (မိုး၊ဆောင်း၊ နွေ) |
|---|---|---|---|
| အဝီစိတွင်း/ တုံကင် | | ကောင်း☐ သင့်☐ ညံ့☐ | |
| မိုးရေ သိုလှောင်ကန် | | ကောင်း☐ သင့်☐ ညံ့☐ | |
| မြစ်/ချောင်းရေ | ၁၆၇ | ကောင်း☐ သင့်✓ ညံ့☐ | |
| ရေကန် | | ကောင်း☐ သင့်☐ ညံ့☐ | |
| စိမ့်စမ်းရေ | | ကောင်း☐ သင့် ☐ ညံ့☐ | မိုး |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ရေသုံးစွဲမှုအနေဖြင့် သောက်ရေအား အုတ်စီတွင်း (၄)တွင်းမှသုံးစွဲကြပြီး သုံးရေအနေဖြင့် မြေသားမိုးရေလှောင်ကန်(၂)ကန်မှလည်းကောင်း၊ တွင်းတိမ် (ခပ်ခွပ်တွင်း)(၅၂)တွင်း တွင်လည်းကောင်း၊ချောင်းရေကိုလည်း သုံးစွဲကြပါသည်။ သောက်သုံးရေ အတွက် ဖူလုံမှုရှိပါသည်။ ကျေးရွာ၏ ပတ်ဝန်းကျင်သန့်ရှင်းရေးများကိုလည်း အစဉ်တစိုက် ပြုလုပ် ဆောင်ရွက်လျှက်ရှိပါသည်။

### (၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | |
| ရေလောင်း/ယင်လုံအိမ်သာ | ၁၆၂ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | ၇ |
| တွင်းမရှိ အိမ်သာ | |

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| အိမ်သာမရှိ | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာနေ အိမ်ထောင်စုအများစုမှာ ကျန်းမာရေးဗဟုသုတရှိသည့် အားလျော်စွာ သန့်ရှင်းသော ရေလောင်း/ယင်လုံ အိမ်သာသုံးစွဲသူ အိမ်ထောင်စု(၁၆၂)စုရှိပြီးတွင်း/ ဇလားအိမ်သာသုံးစွဲသော အိမ်ခြေမှာ(၇)အိမ်ရှိပါသည်။ ယင်လုံအိမ်သာများ သုံးစွဲကြသော အိမ်ထောင်စုများကြသဖြင့် ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါများဖြစ်ပွားမှု နည်းပါးပါသည်။ စာသင်ကျောင်းတွင် ကျောင်းအိမ်သာများ စနစ်တကျ ဆောက်လုပ်ထားပြီး ကျောင်းသားကျောင်းသူ များအတွက် အသုံးပြုရန်လွယ်ကူပါသည်။

## (၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | ကျေးရွာတွင်း ချို့တဲ့နွမ်းပါးသော အိမ်ထောင်စုများသည် အငှားလိုက် နေ့စားများအဖြစ် လုပ်ကိုင်ကြပြီး မိုးတွင်းကာလတွင် ငှားရမ်းသူမရှိခြင်းကြောင့် |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | |
| ၃ | ရေကြီးခြင်း | |
| ၄ | မိုးခေါင်ခြင်း | ရေရှားပါးမှု၊ သီးနှံများ မအောင်မြင်ခြင်း |
| ၅ | အအေးလွန်ကဲခြင်း | |
| ၆ | မုန်တိုင်း | |
| ၇ | လျှော် | |
| ၈ | မီးဘေး | |

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၉ | ဆားငန်ရေဝင်မြေ | |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မိုးခေါင်ပြီး ရေရှားပါးပြီး စိုက်ပျိုးသီးနှံများ ပျက်စီးခြင်း |
| ၁၂ | ငှက်ဖျားရောဂါ | |
| ၁၃ | တီဘီရောဂါ | |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | |
| ၁၇ | လူကုန်ကူးခြင်း | |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည် | ဆက်သွယ်ရေးခက်ခဲခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးမှုနောက်ကျခြင်း၊ တောင်သူများ သယ်ယူ စရိတ်ခများခြင်းများဖြစ်ပေါ်နိုင်ပါသည်။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်း ချို့တဲ့နွမ်းပါးသော အိမ်ထောင်စုများသည် အငှားလိုက်နေ့စားများ အဖြစ် လုပ်ကိုင်ကြပြီး မိုးတွင်းကာလတွင် ငှားရမ်းသူမရှိခြင်းကြောင့် စားနပ်ရိက္ခာမဖူလုံမှု ကြုံတွေ့ရတတ်ပါသည်။ သစ်တောများပြုန်းတီးခြင်းကြောင့်လည်း မိုးခေါင်ပြီး ရေရှားပါးမှုများဖြစ်ပေါ်၍ စိုက်ပျိုးသီးနှံများပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်နိုင်ပါသည်။ထို့နောက် သီးနှံများပျက်စီးခြင်းကြောင့် ဝမ်းစာဖူလုံမှုမရှိခြင်း၊ အကြွေးနွံ့နစ်ပြီး ငွေကြေးကြပ်တည်းမှုများ ဖြစ်ပေါ်လာနိုင်ပါသည်။ အချို့နှစ်များတွင် မုန်တိုင်းတိုက်ခတ်မှုများ ကြုံတွေ့ကြရသော်လည်း ကြီးကြီးမားမားဆုံးရှုံးမှုမရှိခဲ့ပါ။ အခြားသဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုနည်းပါးပါသည်။ ကျန်းမာရေးဆိုင်ရာဗဟုသုတ ကြွယ်ဝသည့်အတွက် ရောဂါဖြစ်ပွားမှုနှုန်းလည်း နည်းပါးပါသည်။

## (၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄)  သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာအခြေအနေ | လတ် | မြေဆီများ နှစ်ရှည်သုံးစွဲမှု များလာခြင်း၊ ဓါတ်မြေသြဇာများအသုံးပြုမှုများလာခြင်း၊ ရေတိုက်စားခံရခြင်းတို့ကြောင့်ဖြစ်ပါသည်။ |
| အပင်မျိုးစိတ်များ | နိမ့် | မိုးများလွန်းခြင်းနှင့် ရာသီဥ တုဖောက်ပြန်ခြင်း |
| ရေအရင်းအမြစ် | လတ် | |
| ငါးမျိုးကွဲများ | | |
| အခြားတိရစ္ဆာန်မျိုးကွဲများ | နိမ့် | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ စိုက်ပျိုးမြေများမှာ နှစ်ကာလ ကြာရှည်စွာ စိုက်ပျိုးခဲ့ကြပြီး မြေသြဇာအသုံးပြုမှု နည်းပါးသဖြင့် သဘာဝမြေဆီလွှာ၏ အရည်အသွေးမှာ အသင့်အတင့်သာရှိပါသည်။ ကျေးရွာအနီးတွင် ဆေးဘက်ဝင်အပင်များဖြစ်သော မြင်းခွာပင်၊ ညှော်ကာမြစ်ပင်၊ ဆင်တုံးမနွယ်ပင်၊ ဂုန်ခါးစသည့် အပင်များ ပေါက်လျက်ရှိပြီး မျိုးတုံးမှုမရှိအောင် ထိန်းသိမ်းထားရှိပါသည်။

ကျေးရွာတွင် လယ်ယာ၊ကိုင်းကွက်များရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့်ကောင်းမွန်ပါသည်။ကျေးရွာအနီးတစ်ဝိုက်တွင် သဘာဝသယံဇာတများမတွေ့ရှိပါ။ မြေအောက်ရေအသုံးပြုမှုနည်းပါးပါသည်။

**(၁၀ ကျား – မ ရေးရာ**

ဇယား (၂၅) ကျား – မ ရေးရာ

| # | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ ☐ | မရှိ ✓ |

| # | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ရှိ ✓ | မရှိ ☐ |

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ ပါဝင်လှုပ်ရှားမှုရှိပြီး အမျိုးသားများနည်းတူ လုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိမှု အားနည်းပါသည်။ သို့သော် အခြားသော လူမှုရေး ဆိုင်ရာ ကိစ္စရပ်များတွင် ဦးစီးဦးဆောင် ဆောင်ရွက်မှု ကောင်းမွန်ပြီး ကျေးရွာ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတွင်လည်း လုပ်ဆောင်နိုင်ကြပါသည်။ အုပ်ချုပ်ရေးကဏ္ဍမှလွဲ၍ အခြားကဏ္ဍအသီးသီးတွင် အမျိုးသမီးများအပေါ် ကျားမခွဲခြားမှုမရှိဘဲပူးပေါင်း၍ဆောင်ရွက်မှုများ အားကောင်းလာခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ၏ လုပ်ကိုင်ဆောင်ရွက်မှုများတွင် အထိုက်အလျောက် အောင်မြင်မှုများ ရရှိနေခြင်းဖြစ်ပါသည်။

ကိုးကားစာရင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းလမ်းညွှန်စာအုပ်၊ ၂၀၁၈-ခုနှစ်၊ မတ်လ ရက်တွင်

၂။ သရက်မြို့နယ်၊ ဘန့်ပြင်ကျေးရွာ၌ ၂၀၁၈-ခုနှစ် ၊ ဇွန်လတွင် ဆောင်ရွက်ခဲ့သော ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှ မှတ်စုများ၊

၃။ ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့၏ ကျေးရွာဆိုင်ရာ ရည်ညွှန်းမှတ်တမ်းစာအုပ်။

ဇယား (၂၆) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

**ပါးပွတ်ကျေးရွာ၏ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြုဇယား**

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းရန် နည်းလမ်းများ | အဆိုပြု စီမံချက်နှင့် လုပ်ငန်းစဉ် |
|---|---|---|---|---|---|---|
| **က။ မီးလင်းရေး** | | | | | | |
| ၁ | ကျေးရွာပြည်သူများမှ လျှပ်စစ်မီးမသုံးစွဲနိုင်ခြင်း။ | – မြို့နယ်နှင့် (၁၇)မိုင် ဝေးခြင်း၊ ကျေးရွာနေ ပြည်သူများငွေကြေး မတပ်နိုင်ခြင်း၊<br>– ဖယောင်းတိုင်မီးရေနံ ဆီမီးခွက်များ ထွန်းညှိ နေရသောကြောင့်နွေရာ သီတွင်မီးဘေးအန္တရာယ် စိုးရိမ်ရခြင်း | –ကျေးရွာမှလုပ်အား ထည့်နိုင်ခြင်း၊ကျေးရွာ တွင်သွယ်တန်းထား သည့်မီးကြိုးမီးတိုင် ရှိခြင်း<br>–မီးလင်းရေးရရှိပါက ကော်မတီဝင်များနှင့် လူငယ်များမှ ပြုပြင် ထိန်းသိမ်းသွားရန် အသင့်ရှိခြင်း | – ဆိုလာမရှိသောအိမ်များ ဆိုလာဝယ်ရန်ငွေကြေး မတတ်နိုင်ခြင်း | လွှတ်တော်ကိုယ်စားလှယ် ကြီးများနှင့်သက်ဆိုင်ရာ ဦးစီးဌာနတို့အား တင်ပြ၍ ဘတ်ဂျက် တောင်းခံခြင်း | ကျေးရွာတွင်းဆိုလာမီး မရနိုင်ပါကဒီဇယ်အင် ဂျင်ဖြင့် တစ်ရွာလုံးမီး ရရှိနိုင်ရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံ ကိန်း ရန်ပုံငွေသိန်း (၁၀၀)ဖြင့်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနသို့တင်ပြ သွားရန် |
| **ခ။ လမ်းတံတား** | | | | | | |
| ၂ | မိုးတွင်းကာလတွင် သွားလာရေးခက်ခဲ ခြင်း | –အောက်ခံမြေမကောင်း ခြင်း<br>– မြေသားလမ်းအဆင့် ဖြစ်ခြင်း | ကျေးရွာမှလုပ်အားထည့်နိုင်ခြင်း ကျောက်ကြီး ရှိခြင်း | – လမ်းပြင်ဆင်ရန် ငွေကြေး မတတ်နိုင်ခြင်း | လွှတ်တော်ကိုယ်စားလှယ် ကြီးများနှင့်သက်ဆိုင်ရာ ဦးစီးဌာနတို့အား တင်ပြ၍ ဘတ်ဂျက် တောင်းခံခြင်း | ကျေးရွာမှ(မကျီးပင်ပု- ရွှေပန်းကိုင်း)လမ်းမ သို့အထွက်လမ်းအား လမ်းအဆင့် မြှင့်တင် ခြင်းဆောင်ရွက်နိုင်ရန် |
| **ဂ။ကျန်းမာရေး** | | | | | | |
| ၃ | ရောဂါများ ဖြစ်ပွားမှုရှိခြင်း (ဖျားနာ၊သွေးတိုး၊ ဆီးချို၊ တီဘီစသည်) | –အဟာရချို့တဲ့ခြင်း၊<br>–မိသားစုစားဝတ်နေ ရေးအတွက် အလုပ် လုပ်ရခြင်း | –ကျေးရွာတွင်ကျန်းမာ ရေးဆရာမရှိခြင်း<br>–မြေနေရာအသင့်ရှိ ခြင်း | –ဆေးပေးခန်း/ ကျန်းမာရေး ဝန်ထမ်းမရှိခြင်း၊<br>–ငွေကြေးချို့တဲ့ခြင်း | ကျန်းမာရေးဦးစီးဌာနသို့ တင်ပြ၍ ဆေးပေးခန်း/ ဝန်ထမ်းတောင်းခံရန် | ကျန်းမာရေး ဌာနခွဲနှင့် ဝန်ထမ်းအိမ်ယာချ ထားပေးရန် |
| **ဃ။ လမ်းတံတား** | | | | | | |
| ၄ | ရွာတွင်းလမ်း မကောင်းခြင်း | မြေသားလမ်းဖြစ်နေခြင်း | လမ်းမြေနေရာ များရှိခြင်း၊ ကျောက်၊ မြေနီ အလွယ်တကူ ရရှိနိုင်ခြင်း | ရန်ပုံငွေ မရှိခြင်း နည်းပညာအားနည်းခြင်း | လွှတ်တော်ကိုယ်စားလှယ် ကြီးများနှင့်သက်ဆိုင်ရာ ဦးစီးဌာနတို့အားတင်ပြ၍ ဘတ်ဂျက်တောင်းခံခြင်း | မြေနီခင်းခြင်းဆောင် ရွက်ရန် |
| ၅ | သွားလာရေးခက်ခဲ ခြင်း | – ရွာတွင်းလမ်းတွင် ရေတိုက်စား၍ချောက် ဖြစ်ပေါ်ခြင်း | – ရွာမှလုပ်အားပေး နိုင်ခြင်း၊<br>– ကျောက်ကြီးစီရန် ကျောက်ကြီးရှိခြင်း | ရန်ပုံငွေ မရှိခြင်း နည်းပညာအားနည်းခြင်း | လွှတ်တော်ကိုယ်စားလှယ် ကြီးများနှင့်သက်ဆိုင်ရာ ဦးစီးဌာနတို့အားတင်ပြ၍ ဘတ်ဂျက်တောင်းခံခြင်း | Box Culvert တည်ဆောက်ပေးရန် |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| င။ပညာရေး | | | | | | | | |
| | | ၆ | စာသင်ဆောင်မလုံလောက်ခြင်း | −ကျောင်းသားအင်အားနှင့် လက်ရှိစာသင်ဆောင်နှင့် မမျှတခြင်း | − အသစ်ဆောက်လုပ်ရန်မြေနေရာရှိခြင်း | ရန်ပုံငွေ မရှိခြင်း | လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့်သက်ဆိုင်ရာဦးစီးဌာနတို့အားတင်ပြ၍ဘတ်ဂျက်တောင်းခံခြင်း | (၆၀'×၃၀') ကျောင်းဆောင်သစ်ဆောက်လုပ်ရန် |
| (စ)လူငယ်ဖွံ့ဖြိုးရေးနှင့် ယဉ်ကျေးမှု | | | | | | | | |
| | | ၇ | ကျေးရွာတွင်စာကြည့်တိုက်မရှိခြင်း | − ရွာသူ/သားများစာပေဖတ်ရှုမှု အားနည်းလာခြင်း | −မြေနေရာရှိခြင်း<br>−ကျေးရွာမှ လုပ်အားထည့်နိုင်ခြင်း | − ဆောက်လုပ်ရန်ငွေကြေးမတတ်နိုင်ခြင်း၊<br>− ဆက်သွယ်ရမည့်နေရာမသိခြင်း<br>− ဗဟုသုတ နည်းခြင်း | လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့်ပြန်ကြားရေးနှင့်ပြည့်သူဆက်ဆံရေးဦးစီးဌာနတို့အားတင်ပြ၍ ဘတ်ဂျက်တောင်းခံခြင်း | − စာကြည့်တိုက် တည်ဆောက်ရန်<br>− စာနယ်ဇင်းအလှူရှင်များ ရှာဖွေခြင်း<br>−စာအုပ်စာပေကောင်း များ ရရှိစေရန် အလှူရှင် များ ရှာဖွေခြင်း |
| (ဆ)သက်မွေးဝမ်းကျောင်းလုပ်ငန်းများ | | | | | | | | |
| | | ၈ | သက်မွေးဝမ်းကျောင်းပညာရပ်များတတ်မြောက်မှုအားနည်းခြင်း | −ဗဟုသုတအားနည်းခြင်း၊<br>−သင်တန်းတက်ရန်ငွေကြေးမတတ်နိုင်ခြင်း | သင်တန်းတက်ရောက်မည့်လူငယ်လူရွယ်များရှိခြင်း | သင်တန်းကျောင်းများနှင့်ချိတ်ဆက်မှုအားနည်း ခြင်း | ကျေးလက်ဦးစီးနှင့်ချိတ်ဆက်၍ အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ပေးနိုင်ရေးတင်ပြတောင်းခံရန် | အသက်မွေးဝမ်းကျောင်းပညာသင်တန်းများဖွင့်လှစ်ရန် |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| (ဇ) | | **စိုက်ပျိုးရေရရှိမှု** | | | | | | |
| | | ၈ | စိုက်ပျိုးသီးနှံများ<br>အထွက်နည်းခြင်း | -မျိုးကောင်းမျိုးသန့်မရှိ<br>ခြင်း<br>-စိုက်မျိုးနည်းစနစ်မမှန်<br>ကန်ခြင်း | -ကျေးရွာတွင် စိုက်ပျိုး<br>ရေးလုပ်ကိုင်သူများ<br>ပြားခြင်း<br>- စိုက်ဧကများပြားခြင်း | -ရှေးရိုးအတိုင်း စိုက်ပျိုးကြ<br>ခြင်း<br>-နည်းစနစ်တကျမစိုက်<br>တတ်ခြင်း<br>-လုပ်သား ရှားပါးခြင်း | သီးနှံအရည်အသွေးနှင့်<br>အထွက်နှုန်းတိုးပွားစေရန်<br>မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်စေရန်<br>စိုက်ပျိုးရေးဦးစီးဌာနနှင့်<br>ချိတ်ဆက်တောင်းခံရန် | စိုက်ပျိုးရေးနည်းပညာ<br>နှင့် မျိုးကောင်းမျိုးသန့်<br>များရရှိနိုင်ရန်နှင့်<br>စက်ယန္တယားများ<br>ပံ့ပိုးမှုများရရှိနိုင်ရန်<br>အတွက်စိုက်ပျိုးရေး<br>နည်းပညာပေးသင်<br>တန်းများဖွင့်လှစ် ပို့ချပေးရန်အတွက်<br>စိုက်ပျိုးရေးဦ:စီးဌာန<br>သို့တင်ပြတောင်းခံရန် |
| (ဈ) | | **မွေးမြူရေး** | | | | | | |
| | | ၉ | ရောဂါပိုးကူးစက်မှု<br>ကြောင့်တိရစ္ဆာန်အချို့<br>သေဆုံးခြင်း | -ရောဂါပိုးကူးစက်ခြင်း<br>-ရာသီဥတုအခြေအနေ | လေကောင်းလေ<br>သန့်ရရှိခြင်း | -ရောဂါဖြစ်ပွားသော<br>တိရစ္ဆာန်များအား<br>သီးခြားခွဲထားရန်<br>မြေနေရာမရှိခြင်း | - မွေး/ကုဦးစီးဌာနသို့<br>ဆက်သွယ်<br>၍ ဆေးကုသရန် | -မွေး/ကုဦးစီးဌာနနှင့်<br>ပူး ပေါင်း၍ကာကွယ်<br>ဆေးထိုးနှံခြင်း<br>-ကာကွယ်ဆေးထိုး<br>နည်း သင်တန်းဖွင့်လှစ်<br>ရန် |
| **(ည) အားကစားနှင့်ကိုယ်ကာယကြံ့ခိုင်မှု** | | | | | | | | |
| | | ၁၀ | အားကစားလိုက်စားမှု<br>အားနည်း | အားကစားကွင်းနှင့်<br>အားကစားပစ္စည်း<br>မရှိခြင်း | အားကစားလုပ်ရန်<br>စိတ်အားထက်သန်<br>မှုရှိခြင်း | မြေနေရာမရှိ | မြေနေရာရရှိရေး<br>ကျေးရွာနှင့်<br>ပူးပေါင်းဆောင်ရွက်ရန် | အားကစားကွင်း<br>တည်ဆောက်ရန် |

## အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)**

| |
|---|
| ကျေးရွာ - <br><br> ကျေးရွာအုပ်စု - <br><br> မြို့နယ် - <br><br> တိုင်းဒေသကြီး / ပြည်နယ် - |
| **စီမံချက်အမည် -** |
| **စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ** |
| **စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့်ဆန္ဒ ဖော်ပြရန်)** |
| **မျှော်မှန်း အကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)** |
| **စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်ပမာဏလုပ်ရမည်)** |
| **ကုန်ကျစရိတ်ထည့်ဝင်မှု** |

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့်အစီအစဉ် |
|---|---|
| • ......................(ငွေသား)<br>• ......................(ငွေသား)<br>• ......................(ပစ္စည်း/လုပ်အား) | • ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ |

| **အကျိုးခံစားသူဦးရေ** | **လူဦးရေ** | | | **ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)** | | | | |
|---|---|---|---|---|---|---|---|---|
| | **ကျား** | **မ** | **ပေါင်း** | **၁** | **၂** | **၃** | **၄** | **ပေါင်း** |
| **ကျေးရွာအဆင့်** | | | | | | | | |
| **အကျိုးခံစားမည့် ဦးရေ** | | | | | | | | |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက်အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်**

**အစီအစဉ်များ**

| |
|---|
| **(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)၊ အကောင်အထည်ဖော် မည့် စနစ် (ကော်မတီကိုယ်တိုင်၊ ကန်ထရိုက်ငှား)** |
| **(၂) စီမံချက် စတင်မည့်အချိန် (ခန့်မှန်း)** |
| **(၃) စီမံချက် ပြီးစီးမည့်အချိန်** |

| |
|---|
| |
| (၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ |